# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ စနေနေ့။ Saturday, 27 May 2023 ၁၁၁၀၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါအရ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း (၇)ရက်၊ ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။


**ဖူးမြော်ကြည်ညို**

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားလျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

ကြေးမုံ

# သဘာဝဘေးအန္တရာယ်ကို အစဉ်သတိပြု

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သော နိုင်ငံများတွင်ပါဝင်သည်။ နှစ်စဉ်နှစ်တိုင်း သဘာဝဘေးအန္တရာယ်ကို အနည်းနှင့်အများ ကြုံတွေ့ရလေ့ရှိသည်။ နွေအကုန် မိုးကာလအကူး ရာသီအပြောင်းအလဲ မေလ၌ အလွန့်အလွန်အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း"မိုခါ" ကို ကြုံတွေ့ခဲ့ရသည်။ လွန်ခဲ့သည့် ၁၅ နှစ်ခန့် ဤအချိန်ကာလမျိုးတွင် အလားတူနာဂစ်မုန်တိုင်းနှင့် ကြုံတွေ့ခဲ့ဖူးသည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့ ဆိုင်ကလုန်းမုန်တိုင်းနာဂစ် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို ဦးတည်တိုက်ခတ်ခဲ့စဉ်က မိုးလေဝသသတင်းများကို အလေးမထားမှု၊ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်မှု၊ မုန်တိုင်းနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတနည်းပါးမှု စသည့် အားနည်းချက်များကြောင့် လူတစ်သိန်းကျော် သေဆုံးခဲ့ရပြီး လူ ၁၁ သန်းကျော် ထိခိုက်ခံစားခဲ့ရသည်။ နေအိမ်အဆောက်အအုံ ခုနစ်သိန်းခွဲကျော် ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၀ ဒသမ ၈ ထရီလီယံအထိရှိသည်။ ယခု ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ ဆိုင်ကလုန်းမုန်တိုင်းမိုခါ ရခိုင်ပြည်နယ်သို့ဦးတည်တိုက်ခတ်မှုကြောင့် မေလ ၂၀ ရက်နေ့စာရင်းအရ လူ ၁၄၈ ဦးသေဆုံးခဲ့ပြီး နေအိမ်အဆောက်အအုံတစ်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့သည်။

"နာဂစ်"ဆိုင်ကလုန်းမုန်တိုင်းနှင့် "မိုခါ"ဆိုင်ကလုန်းမုန်တိုင်းတို့၏ တိုက်ခတ်မှုပြင်းအား များစွာကွာခြားမှုမရှိသော်လည်း ထိခိုက်ဆုံးရှုံးမှုပမာဏမှာ များစွာကွာခြားခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။ ထိုသို့ ဆုံးရှုံးမှုပမာဏ သိသာစွာ ကွာခြားသွားရသည်မှာ မုန်တိုင်းမဖြစ်ပေါ်မီကတည်းက နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှုအခြေအနေကို မပြတ်လေ့လာစောင့်ကြည့်၍ ကြိုတင်စီမံခန့်ခွဲထားခြင်း၊ ဖြစ်ပေါ်နေသော သဘာဝဘေးဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ထုတ်ပြန်နိုင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသများမှ ပြည်သူများအား ကြိုတင်ပြောင်းရွှေ့ထားခြင်း၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအားလုံးကို စနစ်တကျ ဆောင်ရွက်ထားခြင်း၊ ဘေးအန္တရာယ်ကျရောက်သည်နှင့် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုကြောင့် မုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးမှုကို သိသာစွာလျှော့ချနိုင်ခြင်းဖြစ်သည်။

ယခုအခါ ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရခိုင်ပြည်နယ်အပါအဝင် အခြားဒေသများအားလုံးတွင် ကူညီထောက်ပံ့စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများ မပြတ်ကြပ်မတ်ဆောင်ရွက်မှုဖြင့် မူလအခြေအနေမပျက် ပြန်လည်ရပ်တည်နိုင်အောင်၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်လာအောင် လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ယခုရာသီကာလသည် မုန်တိုင်းသဘာဝ ဖြစ်ပေါ်တတ်သည်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် မုန်တိုင်းဒဏ်ကို ဦးစွာတွေ့ကြုံခဲ့ရပြီဖြစ်သည်။ မုန်တိုင်းဟူသည် ကြိုတင်မခန့်မှန်းနိုင်သော ဖြစ်စဉ်သဘာဝဖြစ်၍ ဆက်လက်ကြုံတွေ့နိုင်သော သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့ကို ယခုကဲ့သို့ပင် ကြိုတင်ပြင်ဆင်သတိယှဉ်ထားရမည်ဖြစ်သည်။

မုန်တိုင်းနှင့်ပတ်သက်ပြီး ကြုံတွေ့ခဲ့ရပြီးဖြစ်၍ ပြည်သူများအနေဖြင့် "ပွဲပြီးမီးသေ" သဘောမျိုးမမှတ်ယူဘဲ မုန်တိုင်းရာသီကာလအစဖြစ်၍ ထပ်မံပေါ်ပေါက်လာနိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို မိုးလေဝသဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးမှုများကို အမြဲမပြတ် အလေးထားနေရမည်ဖြစ်သည်။ လတ်တလောတွင် မြန်မာတစ်ပြည်လုံး၌ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။ အထူးသဖြင့် ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ချောင်းအနိမ့်ပိုင်းများအနေဖြင့် သတိမပြတ်ရှိနေရမည်ဖြစ်သည်။

မေလ ၂၄ ရက်နေ့က တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "မဝါ"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယခုမေလကုန်အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကို သတိပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကြုံတွေ့ခဲ့ရပြီးဖြစ်သည့် မုန်တိုင်းအန္တရာယ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားစိုက်လုပ်ကိုင်နေသကဲ့သို့ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကိုလည်း ယခုစွမ်းအားများအတိုင်း မလျော့တမ်း ကျော်လွှားသွားမည်ဖြစ်ပါကြောင်း။ ။

## ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၌ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်လှစ်

ပုသိမ် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ရှစ်ခရိုင်မှ မီးသတ်ဦးစီးဌာနဝန်ထမ်းများ၏ သားငယ်၊ သမီးငယ်များကို သုံးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ခရိုင်(ပြန်/ဆက်)



## ပန်းတောင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ



ပန်းတောင်း မေ ၂၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအား ယမန်နေ့ မွန်းလွဲ ၁ နာရီက မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေးရန် ရပ်သာအုပ်စုရှိ တောင်သူ ၁၇၉ ဦးအား ၇၄၄ ဧက၊ ချေးငွေ ၁၁၁၆ သိန်းထုတ်ချေးခဲ့သည်။ ထုတ်ချေးပြီးအုပ်စု နှစ်အုပ်စုရှိ ၁၂၅၉ ဧက၊ တောင်သူ ၂၈၅ ဦး၊ ချေးငွေ ၁၈၈၈ ဒသမ ၅ သိန်း ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၂၀၀ | ၃၄၉ | ၂,၈၂၇,၂၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၅,၄၅၈ | ၁၆,၀၉၇,၃၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၅၃ | ၃၈၆,၉၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၄၀၁ | ၅၇၅,၈၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁၀ | ၂၄,၀၀၀ |
| EFR | ၂,၅၅၀ | ၂,၅၀၀ | ၁၂၀ | ၃၀၅,၀၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၃ | ၁၄,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၅၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၇.၄၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၅၅၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၆.၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၃၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၇၀.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၃.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၃.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၀၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

☆ ရှေ့ဖုံးမှ

ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက် ဖူးမြော်ကြည်ညိုသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အားဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသအားဖူးမြော်ကြည်ညိုပြီး ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမ အဂ္ဂိစျာပနပူဇာသဘင် အခမ်းအနား ကျင်းပပြုလုပ်မည့် အခြေအနေများကို လျှောက်ထားဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဗန်းမော် ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား လာရောက် ဖူးမြော်ကြမည့် ရန်ကုန်မြို့မှ ကြွရောက်လာသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား ခရီးဦးကြိုဆိုသည်။

ငင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သန်လျင်မင်းကျောင်း ဆရာတော်ကြီးအား **ဆရာတော် ဘုရားကြီးသည် သက်တော်ရှည် ဆရာတော်ကြီး ဖြစ်သည့်အပြင် ၂၀၁၀ ပြည့်နှစ်မှစ၍ ပျံလွန်တော်မူသည့်တိုင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ၁၃ နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌအဖြစ် ယခုကဲ့သို့ နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခြင်းသည် ပထမဦးဆုံးအကြိမ် ဖြစ်ပါကြောင်း၊ ထိုသို့ တာဝန် ထမ်းဆောင်ခဲ့ချိန်တွင်လည်း သာသနာ့အကျိုးကို စွမ်းစွမ်းတမံ ဖြင့် ထမ်းဆောင်ခဲ့ပါကြောင်း၊ ဆရာတော်ဘုရားကြီး၏ အန္တိမ အဂ္ဂိစျာပနပူဇာသဘင် အခမ်း အနားကို နိုင်ငံတော်အဆင့်အခမ်း အနားဖြင့် ခမ်းခမ်းနားနား ကျင်းပ ပြုလုပ်ပူဇော်သွားနိုင်ရေး စီစဉ် ဆောင်ရွက်ပြီးဖြစ် ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှစ၍ သာသနာ့ ဦးသျှောင် တာဝန်များကို ထမ်းဆောင်ခဲ့သည့် ဗန်းမော် ဆရာတော်ဘုရားကြီး ပျံလွန်တော် မူခဲ့ရခြင်းသည် သာသနာတော်နှင့် နိုင်ငံတော်အတွက် ကြီးမားသည့် ဆုံးရှုံးမှုဖြစ်သည့်အတွက် များစွာ ကြေကွဲ ဝမ်းနည်းမိပါကြောင်း၊** ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လာရောက် ဖူးမြော်ကြည်ညိုကြမည့် ရဟန်း၊ ရှင်လူ၊ မိဘပြည်သူများ အဆင်ပြေစေရေးအတွက်လည်း စနစ်တကျ စီစဉ်သွားမည် ဖြစ်ပါကြောင်းဖြင့် တင်ပြလျှောက်ထားပြီး ဆရာတော်ကြီး၏ ဩဝါဒခံယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ မိသားစုများမှ လှူဒါန်းသည့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗန်းမော် ဆရာတော်ဘုရားကြီး၏ အန္တိမ အဂ္ဂိစျာပနပူဇာသဘင် အခမ်း အနား ကျင်းပပြုလုပ်နိုင်ရေး အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ မိသားစုများက လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်း ရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က လက်ခံရယူသည်။

ဆက်လက်ပြီး မြန်မာစီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစောနှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး တို့က ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင် အခမ်းအနား ကျင်းပပြုလုပ်နိုင် ရေးအတွက် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းနှင့် မြန်မာစီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ ပေးအပ် လှူဒါန်းသည့် အလှူငွေများ၊ စုပေါင်းအလှူငွေများကို ပေးအပ် လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံ ရယူသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် မစိုးရိမ်တိုက်သစ် ပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာတရားကို နာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် ဗန်းမော်ဆရာတော် ဘုရားကြီး၏ ဥတုဇရုပ်ကလာပ် တော်အား ဖူးမြော်ကြည်ညိုခဲ့ကြ သည်။

**ဖွားမြင်တော်မူ**

အဆိုပါ ဗန်းမော်ဆရာတော် ဘုရားကြီး အလောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက် တနင်္လာနေ့တွင် မန္တလေးတိုင်း ဒေသကြီး တောင်သာမြို့နယ် ရဘဲ ကျေးရွာ၌ ခမည်းတော် ဦးဘိုးသစ်၊ မယ်တော် ဒေါ်အေးသိုက်တို့မှ ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၀၄ ခုနှစ် ဝါဆိုလဆန်း ၈ ရက်၊ တနင်္လာ နေ့တွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဆင်မင်း ကျေးရွာ ဆင်မင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာ မဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၀ ရက် တနင်္လာနေ့တွင် တောင်သာမြို့နယ် ရဘဲကျေးရွာ ရဘဲကျောင်းတိုက် ဗဒ္ဓသိမ်၌ ကံမြဲ ကံဦးကျောင်းဆရာတော် ဘဒ္ဒန္တ သောဘိတ(ဦးပွား)ကို ဥပဇ္ဈာယ် ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ ကြောင်း၊ ဆရာတော်ဘုရားကြီး သည် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ၁၃၁၅ ခုနှစ် တွင် **“ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ ဝဋံသကာ၊ BA (မန်းတက္ကသိုလ်)၊ သာသနဓဇသိရီ ပဝရဓမ္မာစရိယဘွဲ့”** ၁၃၁၈ ခုနှစ် တွင်

**စာမျက်နှာ ၄ သို့ »»**

- **ဆရာတော်ဘုရားကြီးသည် သက်တော်ရှည် ဆရာတော်ကြီးဖြစ်သည့်အပြင် ၂၀၁၀ ပြည့်နှစ်မှစ၍ ပျံလွန်တော်မူသည့်တိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ၁၃ နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌအဖြစ် ယခုကဲ့သို့ နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်**
- **တာဝန်ထမ်းဆောင်ခဲ့ချိန်တွင်လည်း သာသနာ့အကျိုးကို စွမ်းစွမ်းတမံဖြင့် ထမ်းဆောင်ခဲ့၊ ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ခမ်းခမ်းနားနား ကျင်းပပြုလုပ်ပူဇော်သွားနိုင်ရေး စီစဉ်ဆောင်ရွက်ပြီးဖြစ်**
- **၂၀၁၀ ပြည့်နှစ်မှစ၍ သာသနာ့ဦးသျှောင်တာဝန်များကို ထမ်းဆောင်ခဲ့သည့် ဗန်းမော်ဆရာတော် ဘုရားကြီး ပျံလွန်တော်မူခဲ့ရခြင်းသည် သာသနာတော်နှင့် နိုင်ငံတော်အတွက် ကြီးမားသည့် ဆုံးရှုံးမှုဖြစ်သည့်အတွက် များစွာကြေကွဲဝမ်းနည်းမိ**

# ဧပြီ ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေအား မေးမြန်းလျှောက်ထားစဉ် ဗန်းမော်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သည့် တရားတော်

(ဤတရားတော်သည် ဗန်းမော်ဆရာတော်ဘုရားကြီး နောက်ဆုံးချီးမြှင့်ခဲ့သော တရားတော်ဖြစ်သည်)



အဆောင်ဘာလုပ်တုံးလို့ မေးတယ်၊ အဲဒီတော့ ဘုန်းဘုန်းက တရားဂုဏ်တော် ပုတီးစိတ်တဲ့အကြောင်း၊ ပြီးတော့ကျ ဂုဏ်တော်တွေ ပွားတဲ့အကြောင်း၊တစ်သောင်း နှစ်ထောင်ကုန်သော ဘုရားရှင်တွေကို လည်း တပည့်တော်ရှိခိုးပါ၏။ ပဥ္စသတ သဟဿာနိ၊ ပဥ္စက ငါး၊ သတက တစ်ရာ၊ ငါးသတ၊ သဟဿက တစ်ထောင်၊ ငါးရာနဲ့ တစ်ထောင်နဲ့မြှောက် ငါးသိန်း၊ အဲဒီတော့ ပဥ္စသတ သဟဿာနိ ငါးသိန်းသော ဘုရားရှင်တို့ကိုလည်း တပည့်တော်ရှိခိုးပါ၏။ ပေါင်းလိုက်တော့ ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရှားရှင်တို့ကို တပည့်တော်ရှိခိုးပါ၏။ ဘုရားငါးသိန်း တစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကို ရှိခိုးတဲ့ ဂါထာ၊ အဲဒါ ဆရာတော်ကြီးက ပြောတယ်၊ သူက ငယ်ငယ်လေးကတည်းက၊ သူ ခုနစ်နှစ်သား အရွယ်ကတည်းက သမ္ဗုဒ္ဓေဂါထာ နေ့တိုင်းရှိခိုးတာ၊ ဘာအကျိုးရှိသလဲဆိုတော့ အန္တရာယ်ကင်းတယ်။ ဘေးရှင်းတယ်တဲ့။ ဆွမ်းခံသွားရင်လည်း ဘယ်တော့မှ မိုးမမိဘူးတဲ့။ မိုးရွာနေရင် သမ္ဗုဒ္ဓေဂါထာ ရွတ်လိုက်ရင် မိုးတိတ်သွားတယ်။ အဲဒီလို ကျေးဇူးရှိတဲ့အကြောင်း၊ အဲဒါ ဘယ်တုန်းက စခဲ့တာတုံးဆိုတော့ လွန်ခဲ့တဲ့ သင်္ချေနှစ်ဆယ်နဲ့ ကမ္ဘာတစ်သိန်းက ဘုရင်ကြီးတစ်ပါး အုပ်ချုပ်တယ်၊ သမီးတော်လေးက ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်၊ ခုနစ်ထပ်တိုက်ကြီးနဲ့နေတယ်၊ ပြာသာဒ် ဘေးဘက်များဆီကို လည်ပတ်ကြည့်တော့ ညနေလေးနာရီလောက် ဦးဇင်းလေးတစ်ပါး ဆွမ်းခံနေတယ်။

ဟာ.. ဦးဇင်းလေးတစ်ပါး ညနေကြီး ဆွမ်းခံနေတယ်။ သွားကိုယ်တော့်ကို ပင့်စမ်းဆိုတော့ ပင့်တယ်၊ ရောက်လာတယ်။

ရောက်လာတော့ ဦးဇင်းလေး.. သူများတွေ မနက်ဆွမ်းခံတယ်။ ကိုယ်တော် ညနေကြီး ဆွမ်းခံတယ်၊ ည ထမင်းစားသလား။ ဆွမ်းစားသလား။

မစားပါဘူး တပည့်တော်တွေရယ် ကြည့်ပါဆိုပြီး သပိတ်လှန်ပြတယ်။

ဘာတွေတုံးဆိုတော့ ဆီတွေ၊ ဘာလုပ်ဖို့တုံး၊ ကိုယ်တော်တို့ သူများချက်ပြီးပြုတ်ပြီး စားနေတာ။

မဟုတ်ဘူး တပည့်တော်တွေရဲ့၊ ည.. ည တရားပွဲတွေ ဘုရားဟော၊ ဘုရားဟောတဲ့အခါကျတော့ လူတွေက အမှောင်ကြီးထဲ တစ်ယောက်နဲ့ တစ်ယောက် တိုးတိုက်၊ အဲဒါတွေကြောင့် ဆီမီးပူဇော်မိတာပါ။

ရှေးတုန်းက လျှပ်စစ်မီးမရှိလို့ နေမှာပေါ့။

အဲဒါနဲ့ ဒီလိုဆို ပေး.. ပေး.. ပေး .. သပိတ်ပေးဆိုပြီး သပိတ်ထဲ နှမ်းဆီလေးတွေ အပြည့်လောင်းထည့်တယ်။ လောင်းထည့်ပြီး အဲဒါ ကပ်လိုက်တယ်။

ကဲ.. ကိုယ်တော် လျှောက်သွားမနေနဲ့တော့၊ ဒါနဲ့ဆိုရင် လောင်းလှူလောက်ပါတယ်ဆိုပြီး။

ကောင်းပါပြီ.. သမီးတော်လေး၊ သမီးတော်လေး ဘာဆုများ ပန်တုံးဆိုတော့၊ တပည့်တော်မ ဘုရားဆုပန်တာတဲ့။

အော်.. သာခု သာခု သာခုဆိုပြီး ဦးဇင်းလေး သွားတယ်။

ညကျတော့ တစ်ကျောင်းလုံး လင်းထိန်လို့၊ ဆီမီးခွက်လေးတွေနဲ့ မီးထွန်းထားတာ။

ဟာ.. မီးပူဇော်တဲ့ ဦးဇင်းလေး ခေါ်လိုက်စမ်းဆိုပြီး ဘုရားက၊

ရောက်လာတော့ ဦးဇင်းလေး မင်းဘယ်က ဆီတွေရတုံး။

သမီးတော်လေးက လှူလိုက်တာပါ ဘုရား။ အရှင်ဘုရားနှမတော်လေးပါ၊ အဲဒီသမီးတော်လေးနဲ့ ဘုရားနဲ့က မောင်နှမတော်သတဲ့၊ အဲဒါကြောင့် အရှင်ဘုရားနှမတော်လေးက လှူလိုက်တာပါ။ သမီးတော်လေးက ဘာဆုပန်သတဲ့တုံး၊ ပြောတယ်ဘုရား၊ တပည့်တော်မေးတော့ ဘုရားဆုပန်တယ်လို့ ပြောပါတယ်။

ဘုရားဆုပန်လို့နဲ့ မပြည့်ဘူး။

နောက်ဘဝ ယောကျ်ားလေး ဖြစ်ပါရစေလို့ ဆုတောင်းလိုက်။

အဲဒီလိုဆိုရင် ယောကျ်ားလေးဖြစ်လိမ့်မယ်။ ယောကျ်ားလေးဖြစ်မှ ဆက် ပါရမီတွေ ဖြည့်၊ အဲဒါဆိုရင် ဘုရား ဖြစ်မှာပေ့ါ။

တင်ပ့ါဘုရား။

တပည့်တော် မနက်ဖြန် ဆွမ်းခံကြွတော့ ပြောလိုက်ပါမယ်။

မနက်ဖြန် ဆွမ်းခံသွား၊ ညနေ ၄ နာရီလောက်ကျတော့ ကိုယ်တော်လည်း အဲဒီနေရာ အရောက်၊ သမီးတော်လေးကလည်း ဘုံခုနစ်ဆင့် ပြာသာဒ်အထက်က လှည့်ပတ်လျှောက်တော့၊ ဟာ... မနေ့က ကိုယ်တော်လေးနဲ့တူတယ်။ ဆွမ်းခံနေတယ် သွားသွားပင့်စမ်း။ ရောက်လာတယ်။

ဦးဇင်းလေး မနေ့ကလည်း ဆွမ်းခံ၊ ဒီနေ့လည်း ဆွမ်းခံ၊ ကိုယ်တော် နေ့တိုင်း ဆွမ်းခံသလား။

သမီးတော်လေးနဲ့... ကျုပ်က ဘုရားဆုပန်တာ၊ ဘုရားဆုပန်တဲ့သူက တစ်နေ့တည်း ကုသိုလ်လုပ်ပြီးတော့ ဘုရားဆုပန်လို့ ဘယ်ပြည့်မှာလဲ။ နေ့တိုင်းနေ့တိုင်း ဒါနပြုရတယ်၊ သီလ ဆောက်တည်ရတယ်၊ ဘာဝနာတွေ ပွားရတယ်၊ ပုတီးစိတ်ရတယ်။

အော်.. အဲလိုလား ဘုရား။

ဒါနဲ့ သမီးတော်လေးကို ဘုရားက မှာလိုက်သေးတယ်၊ သမီးတော်လေး ဘာဆုပန်တုံး၊ ဘုရားဆုပန်တယ်လို့ ကျုပ်က ပြောတယ်၊ ဘုရားဆုပန်တယ်ဆိုတာ မိန်းကလေးဘဝနဲ့ မပြည့်ဘူး။ နောက်ဘဝ ယောကျ်ားလေး ဖြစ်ပါရစေလို့ ဆုပန်လိုက်၊ အဲဒီတော့ ယောကျ်ားလေး ဖြစ်ပြီဆိုမှ ပါရမီတွေ ဆက်ဖြည့်လို့ မှာလိုက်တယ်။

ကောင်းပါပြီ ဘုရား ဆိုပြီးတော့ သူကလည်း ဆီဆွမ်း တစ်သပိတ်အပြည့် ဆီဆွမ်း လောင်းပ့ါမယ် ဘုရား၊ နေ့တိုင်း တပည့်တော် ပြာသာဒ်ကြွပါလို့၊ အဲဒီလို နေ့တိုင်း ဆွမ်းလောင်းတယ်၊ ဆီဆွမ်းလောင်းတဲ့အတွက် **ဆီဆွမ်းကို သိဒ္ဓတ္ထ သီလလို့ ပါဠိလို ခေါ်တယ်၊** သိဒ္ဓတ္ထက နှမ်းပေ့ါ။ သီလက ဆီ၊ နှမ်းဆီ၊ နှမ်းဆီ တွေလောင်းလို့၊ အခုခေတ် နောက်ဆုံး သင်္ချေနှစ်ဆယ်နဲ့ ကမ္ဘာတစ်သိန်း ဝင်တဲ့အခါ အဲဒီ နှမ်းဆီလောင်းတဲ့ ကုသိုလ်က အကျိုးပေးပြီးတော့ နာမည်ကို သိဒ္ဓတ္ထ မင်းသား ၊ ဆီဆွမ်း လောင်းပြီးတော့ ဆုတောင်းခဲ့တယ်နော်။ အေး.. အဲဒီလိုပဲ ကုသိုလ် ကောင်းမှုကို ဘုရားသာသနာတော်နဲ့ ကြုံတဲ့အခါ ကြိုးစားပြုကြပေ့ါ။

»»» စာမျက်နှာ ၃ မှ

**“ပါဠိသိရောမဏိ”**ဘွဲ့၊ ၁၃၇၈ ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှ ဆက်ကပ်သော ဂုဏ်ထူးဆောင် ဓမ္မပါရဂူ (D.Litt) ဘွဲ့၊ ၂၀၀၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဆက်ကပ်သော Doctor of Letters (D.Litt) ဘွဲ့၊ ၂၀၁၆ ခုနှစ်တွင် ကိုရီးယားနိုင်ငံ Sehan University မှ ဆက်ကပ်သော ဘာသာရေးအတွေးအခေါ် ဘာသာရပ်ဂုဏ်ထူးဆောင် (Ph.D) ပါရဂူဘွဲ့တို့ကို ရရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့စသော သံဃာ့အဖွဲ့ အစည်း ဖွဲ့စည်းနိုင်ရန် မူလ သံဃာ့ဝန်ဆောင် ၆၆ ပါးအဖွဲ့၌ ပါဝင်၍ မန္တလေးတိုင်းဒေသကြီး အတွင်း လှည့်လည်ဟောပြောပြီး သာသနာပြုတာဝန်များကို ထမ်း

**❂ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ၁၃ နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သည့် သာသနာ့ဦးသျှောင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့ခြင်းသည် သာသနာတော်နှင့် နိုင်ငံတော်အတွက် ကြီးမားသည့်ဆုံးရှုံးမှုတစ်ခုပင်ဖြစ်ပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်အခမ်းအနားကို နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိ**

ဆောင်ခဲ့ခြင်း၊ ပထမ အကြိမ်မှ ဆဋ္ဌအကြိမ် ၂၀၁၀ ပြည့်နှစ် မတ်လအထိ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လမှ ဇူလိုင်လအထိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လမှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိအဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ကြောင်း။

**ဆက်ကပ်လှူဒါန်း**

ထိုကဲ့သို့ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဥ္ဆနဂုဏ်၊ ရတ္တညူ မဟာနာယကဂုဏ်၊ ပိဋကတ္တယဆောကဂုဏ်၊ လဇ္ဇီ ပေသလ သိက္ခာကာမဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဧရဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် **“အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက”** ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် **“အဘိဓဇမဟာရဋ္ဌ ဂုရု”** ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း၊ ဆရာတော် ဘုရားကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူလျက်ရှိစဉ် သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါ အရ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ၁၃ နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သည့် သာသနာ့ဦးသျှောင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့ခြင်းသည် သာသနာတော်နှင့် နိုင်ငံတော်အတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ခုပင်ဖြစ်ပြီး ဆရာတော်ဘုရားကြီး၏ အန္တိမ အဂ္ဂိစျာပန ပူဇာသဘင်အခမ်းအနားကို နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မှန်နန်းတော်ကြီး၊ ဇေတဝန်ဆောင်၊ ညီလာခံကျင်းပရာ အဆောင်များ၊ မှန်နန်းဆောင်၊ အလယ်နန်းဆောင်တို့ အပါအဝင် ရွှေနန်းတော်ကြီးအတွင်း လှည့်လည်ကြည့်ရှုကြရာ မြနန်းစံကျော်ရွှေနန်းတော်ကြီး အဝန်းအဝိုင်းတစ်ခုလုံးကို ထိန်းသိမ်းထားရှိမှုများနှင့် ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသောင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **နိုင်ငံတော်ဝန်ကြီးချုပ်က မြနန်းစံကျော်ရွှေနန်းတော်ကြီးသည် အခြားနန်းတော်ကြီးများနှင့် မတူဘဲ တည်ဆောက်ပုံ၊ တည်ရှိပုံများနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာများ ပြည့်ပြည့်စုံစုံရှိသည့် နန်းတော်ကြီးဖြစ်ကြောင်း၊ ကိုလိုနီခေတ်ကတည်းက ပြည်တွင်း၊ပြည်ပ မှတ်တမ်းမှတ်ရာ၊ အကိုးအကားများ စုံစုံလင်လင်ရှိပြီးဖြစ်သည့်အတွက် ခိုင်မာသည့် သမိုင်းအထောက်အထားများ၊ မှတ်တမ်းမှတ်ရာများနှင့် ကိုက်ညီအောင် အတတ်နိုင်ဆုံး ဆောင်ရွက်သွားရန် လိုကြောင်း၊** နန်းတော်ကြီးအတွင်းရှိ အဆောင်များအလိုက် အခန်းများအတွင်း ရှေးခေတ်အသုံးအဆောင်များနှင့် ပုံစံတူများထားရှိနိုင်ရေး မှတ်တမ်းများ ပြန်လည်ကြည့်ရှု ဆောင်ရွက်သွားရန်လိုကြောင်း၊ မှန်နန်းဆောင် အတွင်းရှိ တိုင်လုံးများအပေါ်တွင် မှန်စီရွှေချခြင်းများကို သပ်ရပ်မှုရှိအောင် ပြန်လည် ဆောင်ရွက်သွားရန် လိုကြောင်း၊ပလ္လင်တော်အပါအဝင် အချို့သော အသုံးအဆောင် ပစ္စည်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မှန်ကာရံခြင်းများကိုဆောင်ရွက်သွားရန် လိုကြောင်း၊ နန်းဆောင်အချင်းချင်း ဆက်သွယ်ထားသည့် လမ်းများကိုလည်း မူလပုံစံများအတိုင်း အတတ်နိုင်ဆုံး ဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်း အမွေအနှစ်လက်ရာများဖြစ်သည့်အတွက် အထူးဂရုပြု ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်းနှင့် သန့်ရှင်းသပ်ရပ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက လာရောက်လေ့လာသူများကိုလည်း ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြနန်းစံကျော်ရွှေနန်းတော်ကြီး သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသမှုများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ပြသထားမှုကို ကြည့်ရှုစဉ်။

## သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၆**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့်သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့်ပွဲကို မေ၂၆ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ- မောင်နိုင်မိုး)က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက "နိုင်ငံရေးနှင့်သတင်းမီဒီယာကောင်စီ၏အခန်းကဏ္ဍ"၊ မီဒီယာကောင်စီဥက္ကဋ္ဌက"သတင်းအမှားသတင်းအမှန် သုံးသပ်ခြင်းနှင့် ကဗျာ၊ ဝတ္ထုရေးသားနည်း"၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆန်းဝင်းက "ဝေါဟာရရှင်းလင်းချက်"၊ နည်းပညာအကြံပေး ဦးဌေးလင်းက "ဆိုရှယ်မီဒီယာများ၏အခန်းကဏ္ဍ"စသည်ဖြင့် ဆွေးနွေးပို့ချပေးကြသည်။

သင်တန်းသို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၁၅ ဦးတက်ရောက်ခဲ့ပြီး သတင်းမီဒီယာကောင်စီမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာကျင့်ဝတ်မှတ်တမ်းစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဘော်ဂါသွေး**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သစ်တောပညာနှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# လူသားများနှင့် သဘာဝဂေဟစနစ်ကို အကျိုးပြုနေသည့် သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးသည် အထူးအရေးကြီး
# သစ်တောများ၏အရေးပါမှုကိုသိရှိပြီး မိမိပညာရပ်ကိုတန်ဖိုးထား ဂုဏ်ယူတတ်သည့် ပညာတတ်မျိုးဆက်သစ်များ ဆက်လက်မွေးထုတ်

**နေပြည်တော် မေ ၂၆**

သစ်တောပညာနှစ် (၁၀၀) ရာပြည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာအောင်ကျော်မင်း၊ ဦးရွှေကြိမ်းနှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရေဆင်းနယ်မြေရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်မန်းငြိမ်းမောင်၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က သစ်တောပညာနှစ်(၁၀၀) ရာပြည့် အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သစ်တောပညာနှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သစ်တောပညာနှစ်(၁၀၀) ရာပြည့် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

**အထူးအရေးကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သစ်တောပညာနှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် လူသားများနှင့် သဘာဝဂေဟစနစ်တစ်ခုလုံးကို အကျိုးပြုနေသည့် သစ်တောသစ်ပင်များ ပြုစု ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးတာဝန်သည် အထူးအရေးကြီးလှပါကြောင်း၊ ထိုသို့ အရေးကြီးသော သစ်တောဆိုင်ရာ ပညာရပ်များ သင်ကြားပို့ချပေးနေသည့် မြန်မာနိုင်ငံ တက္ကသိုလ်အဆင့် သစ်တောပညာသည် နှစ်တစ်ရာတိုင် ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ကျင်းပနိုင်ခြင်းသည် ဝမ်းမြောက်ဂုဏ်ယူရမည့်အခမ်းအနား၊ မင်္ဂလာရှိသည့်နေ့ တစ်နေ့ပင်ဖြစ်ပါကြောင်း၊ သစ်တောသစ်ပင်များ ရေရှည်တည်တံ့ ကောင်းမွန်စေရေးအတွက် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် သစ်တောပညာရှင်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပါကြောင်း။

**များစွာအထောက်အကူပြုခဲ့**

၁၉၂၃ ခုနှစ်မှစတင်ပြီး ရန်ကုန်တက္ကသိုလ်တွင် သစ်တောပညာဌာနကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သဖြင့် သစ်တောပညာဌာနသည် ၁၉၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်နှင့် မရှေးမနှောင်း ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သစ်တောပညာရပ်ကို သင်ကြားပို့ချပေးပြီး နှစ်ပေါင်းများစွာ ရေရှည်အသုံးချလာနိုင်ခဲ့သည့်အတွက်လည်း မြန်မာနိုင်ငံ၏ သစ်တောသစ်ပင်များထိန်းသိမ်းကာကွယ်ရေးနှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် များစွာအထောက်အကူပြုခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်း၌ သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ မြောက်ဘက်စွန်းခါကာဘိုရာဇီတောင်တန်းမှသည် တောင်ဘက်စွန်း ပင်လယ်သမုဒ္ဒရာအထိ တောင်မြောက်ရှည်လျားသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊

**စာမျက်နှာ ၇ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် မန်းငြိမ်းမောင်၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က သစ်တောပညာနှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သစ်တောပညာနှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ စာမျက်နှာ ၆ မှ

မတူကွဲပြား ခြားနားသည့် သဘာဝ သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ မြစ်ချောင်းအင်းအိုင်များ၊ ရေမြေတောတောင်များနှင့် ဂေဟစနစ်များ စုံလင်လှပစွာ တည်ရှိနေသကဲ့သို့ ပင်လယ်ကမ်းခြေဒီရေတော၊ ပဲခူးရိုးမ ရွက်ပြတ်ရောနှောတော၊ အပူပိုင်းဒေသ ခြောက်သွေ့တော၊ မြောက်ပိုင်း တောင်ပေါ်ဒေသ အအေးပိုင်းတောများ စသည့် သစ်တောမျိုးစုံ ပေါက်ရောက်နေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**အခြေခံအုတ်မြစ်ကောင်းများဖြစ်**

မြန်မာ့သစ်တောများသည် မြန်မာနိုင်ငံကြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ အုတ်မြစ်ကောင်းများဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖြစ်ပေါ်စေရန် ဖန်တီးပေးနိုင်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

သစ်တောပညာဌာန စတင်ခဲ့သည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၈၅၆ ခုနှစ်တွင် ဒေါက်တာဘရန်းဒစ်က စတင်မျိုးစေ့ချ တည်ထောင်ပေးခဲ့သည့် မြန်မာ့သစ်တောများ သိပ္ပံနည်းကျ စီမံအုပ်ချုပ်မှုစနစ်မှစ၍ သန္ဓေတည်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ အဆိုပါစနစ်ကို ရေရှည်အသုံးချနိုင်ရေးအတွက် ၁၈၆၆ ခုနှစ်ကတည်းက ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံများသို့ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခဲ့ပြီး သစ်တောပညာသင်ကြားရေးကိုစတင်ဆောင်ရွက်ခဲ့သည်ဟုသိရပါကြောင်း၊ ထိုသို့ ပညာတော်သင်များ စေလွှတ်ခဲ့သကဲ့သို့ အင်္ဂလန်မှ ပညာရှင်များကလည်း မြန်မာနိုင်ငံသို့လာရောက်ပြီး တာဝန်ထမ်းဆောင်ခဲ့သည်ကို မှတ်တမ်းများအရ တွေ့ရှိရပါကြောင်း။

၁၉၂၂ ခုနှစ်တွင် အိန္ဒိယအစိုးရက မြန်မာ့သစ်တောများ စီမံအုပ်ချုပ်ရေးကို မြန်မာအစိုးရထံ လွှဲပြောင်း ပေးအပ်ခဲ့ပြီးသည့်နောက် မြန်မာနိုင်ငံသစ်တောအဖွဲ့အစည်း (Burma Forest Services) ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အဖွဲ့တွင် တာဝန်ထမ်းဆောင်မည့်သူများကို တက္ကသိုလ်အဆင့်သစ်တောပညာရပ်များ သင်ကြားပေးနိုင်ရန် ရည်ရွယ်ပြီး ရန်ကုန်တက္ကသိုလ် သစ်တောပညာဌာနကို ၁၉၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သစ်တောပညာဌာနကို ရန်ကုန်တက္ကသိုလ် သိပ္ပံမဟာဌာန(Faculty of Science) အောက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် သစ်တောပညာမဟာဌာန (Faculty of Forestry) အဖြစ်အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း။

**University အဆင့်သတ်မှတ်**

သစ်တောပညာရပ်များကို ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့်လေ့လာသင်ယူနိုင်ရန်အတွက် ၁၉၉၂ ခုနှစ်တွင် သစ်တောတက္ကသိုလ် (Institute of Forestry)အဖြစ်မြှင့်တင်ပေးနိုင်ခဲ့သည့် အပြင် တတ်ကျွမ်းမှု ပညာရေးဆိုင်ရာ တက္ကသိုလ် (Professional Institute) အဖြစ်လည်း သတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ်တွင် သစ်တောတက္ကသိုလ် University အဆင့်သတ်မှတ်ပြီး University of Forestry ဖြစ်လာခဲ့ပါကြောင်း၊ သစ်တောပညာရှင်များကို သင်ကြားမွေးထုတ်ပေးရာတွင် သစ်တောပညာဘာသာရပ်များကိုသာမက နီးနွယ်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်များကိုလည်း ပိုမိုလေ့လာနိုင်စေရန် ရည်ရွယ်ပြီး ၂၀၁၇ ခုနှစ်တွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (University of Forestry and Environmental Science)အဖြစ် ပြင်ဆင် ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ သစ်တောတက္ကသိုလ်၏ ရည်မှန်းချက်ဖြစ်သည့် **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ သုတေသနနှင့် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်သည့် အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး"** ဆိုသည့်အချက်ကို အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးက ဦးတည်ချက်ထား ကြိုးပမ်းဆောင်ရွက် သွားကြရမည်ကိုလည်း အလေးအနက်ထား ပြောကြားလိုပါကြောင်း။

**သင်ကြားရေးစနစ်ရှိရန်လိုအပ်**

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ပညာတတ်လူသားအရင်းအမြစ်များ များစွာလိုအပ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်မှာ အမှန်တကယ် တတ်မြောက်မှုရှိအောင် သင်ကြားပေးနိုင်သည့် သင်ကြားရေးစနစ်ရှိရန် လိုအပ်သကဲ့သို့ သင်ယူသူများကလည်း သင်ကြားပေးသည့် ဘာသာရပ်များကို တတ်မြောက်ကျွမ်းကျင်စေရန်၊ လက်တွေ့အသုံးချနိုင်စေရန်၊ ခေတ်မီနည်းပညာ၊ အတတ်ပညာများနှင့်ပေါင်းစပ်ပြီး အဆင့်မြှင့်တင် တိုးမြှင့်လုပ်ဆောင်နိုင်စေရေး ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း၊ တက္ကသိုလ်ဆိုသည်မှာ စာပေပညာသင်ကြားရုံ သက်သက်သာမဟုတ်ဘဲ အတတ်ပညာများကို သင်ကြားပေးခြင်း၊ လေ့လာသင်ယူစေခြင်းအပြင် တက္ကသိုလ်က ပတ်ဝန်းကျင်ကောင်း၊ အတွေ့အကြုံကောင်းများရရှိပြီး ဘဝတစ်လျှောက်ဖြတ်သန်းမှုတွင် လက်တွေ့အသုံးချနိုင်မည့် စာပေပညာနှင့် လူမှုဆက်ဆံရေးပညာ တို့ကိုလည်း ပေးစွမ်းနိုင်ခြင်းဖြစ်သဖြင့် အဆိုပါအခွင့်အလမ်းကိုလည်း ရရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မှတ်တမ်းများအရ သစ်တောကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်သင်ကြားပေးခဲ့ရာတွင် ၂၀၂၃ ခုနှစ်အထိသစ်တောသိပ္ပံဘွဲ့ရ ကျောင်းသား ကျောင်းသူ ၃၀၅၂ ဦးရှိပြီး အမျိုးသမီး သစ်တောသိပ္ပံဘွဲ့ရ ၃၅၃ ဦးတို့ကိုလည်းမွေးထုတ်ပေးနိုင်ခဲ့သည်ဟု သိရပါကြောင်း၊ သစ်တောပညာဌာန အနေဖြင့် အမျိုးသား သင်တန်းသားများကိုသာခေါ်ယူရာမှ သစ်တောကဏ္ဍ၊ အထူးသဖြင့် ပညာရေး၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ တာဝန်ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ ၁၉၉၅ ခုနှစ်မှစတင်ပြီး အမျိုးသမီးသင်တန်းသူ ၁၂ ဦး ခေါ်ယူခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ်မှစပြီး အမျိုးသမီးကျောင်းသူ ပါဝင်မှုအချိုးအစားကို နှစ်စဉ် ၂၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နေသည်ဟု သိရှိရသည့်အတွက် သစ်တောသစ်ပင်နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍသည် သိသိသာသာ မြင့်မားတိုးတက်လာမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူရသည်ကို ပြောကြားလိုပါကြောင်း။

**မွေးထုတ်ပေးနိုင်ခဲ့**

ပညာရေး အဆင့်မြှင့်တင်မှုအနေဖြင့် ၁၉၉၆ ခုနှစ်တွင်ဘွဲ့လွန် သစ်တောပညာ မဟာသိပ္ပံ သင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး မဟာသိပ္ပံ(သစ်တော)ဘွဲ့-M.Sc. (Forestry)နှင့်မဟာသိပ္ပံ(သစ်တောထွက်ပစ္စည်း)- M.Sc.(Forest Products)ဘွဲ့များကို ပေးအပ်ချီးမြှင့်ခဲ့ရာတွင် မဟာသိပ္ပံဘွဲ့ရရှိသူ ၆၂ ဦးနှင့် ဒီပလိုမာဘွဲ့ရရှိသူ ၁၇ ဦး စုစုပေါင်း ၇၉ ဦးတို့ကို ဘွဲ့လွန် သစ်တောပညာရှင်များအဖြစ် အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့သည်ကို သိရပါကြောင်း။

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် သစ်တောသိပ္ပံဘွဲ့ရများသည် အမေရိကန်၊ ဂျာမနီ၊ ဩစတြေးလျ၊ နယ်သာလန်၊ ဂျပန်၊ ကိုရီးယားအပါအဝင် ပြည်ပနိုင်ငံများမှာ မဟာသိပ္ပံဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများကို

စာမျက်နှာ ၈ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သစ်တောပညာနှစ်(၁၀၀)ရာပြည့်အထိမ်းအမှတ် တက္ကသိုလ်အဆင့်နှင့် အထက်တန်းအဆင့် ကဗျာ၊ ဆောင်းပါး၊ ဉာဏ်စမ်းပဟေဋ္ဌိ၊ စာစီစာကုံးပြိုင်ပွဲများတွင် ပထမဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

- **နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ပညာတတ်လူသားအရင်းအမြစ်များ များစွာလိုအပ်**
- **အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်မှာ အမှန်တကယ် တတ်မြောက်မှုရှိအောင် သင်ကြားပေးနိုင်သည့် သင်ကြားရေးစနစ်ရှိရန် လိုအပ်သကဲ့သို့ သင်ယူသူများကလည်း သင်ကြားပေးသည့်ဘာသာရပ်များကို တတ်မြောက်ကျွမ်းကျင်စေရန်၊ လက်တွေ့အသုံးချနိုင်စေရန်၊ ခေတ်မီနည်းပညာ၊ အတတ်ပညာများနှင့်ပေါင်းစပ်ပြီး အဆင့်မြှင့်တင် တိုးမြှင့်လုပ်ဆောင်နိုင်စေရေး ဆောင်ရွက်နိုင်ရန်လည်း လိုအပ်**

❖ စာမျက်နှာ ၇ မှ
အရည်အချင်း ပြည့်မီစွာဖြင့် တက်ရောက် သင်ယူနိုင်ခဲ့ကြကြောင်းနှင့် နိုင်ငံတကာ ကျောင်းသား ကျောင်းသူများနှင့် ရင်ပေါင်တန်းပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသည်ကို သိရှိရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိသည်ကို မှတ်တမ်းတင် ပြောကြားလိုပါကြောင်း၊ ထိုသို့ ထူးချွန် ထက်မြက် မှုများသည် ကာယကံရှင်များ၏ ကြိုးစားအားထုတ်မှုများအတွက် ၎င်းတို့ကို ချီးကျူးဂုဏ်ပြုရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း မိမိတို့နိုင်ငံ၏ ပညာရေးသည် ကမ္ဘာ့အဆင့်မီ ဖြစ်သည်ကို သက်သေပြသနေခြင်းပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ထူးချွန်ထက်မြက်သည့် ကျောင်းသားများကို မွေးထုတ်ပေးနေသည့်၊ သင်ကြားပေးနိုင်သည့် ပါမောက္ခချုပ်ကြီးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၏ လုပ်ငန်းခွင် အတွေ့အကြုံများစွာရှိပြီးဖြစ်သည့်အတွက် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် အနေဖြင့် ပါရဂူပညာရှင်များ မွေးထုတ်ပေးနိုင်မည့် အခြေခံကောင်းများရှိနေပြီဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည်အထိ အပူပိုင်းနှင့် မုတ်သုံဒေသကို အဓိကထားသည့် ပညာရှင်များကို မွေးထုတ်မြှင့်တင်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း။

### ဦးစားပေးဆောင်ရွက်နေ

ယနေ့ ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအများစုသည် လူသားများ အမှီပြုနေထိုင်ကြသည့် တစ်ခုတည်းသောကမ္ဘာမြေကို ပိုမိုရေရှည်တည်တံ့စေရန်အတွက် ပတ်ဝန်းကျင်နှင့် ညီညွတ်သည့် လူနေမှုဘဝများကို ဖြစ်နိုင်သမျှ ပြောင်းလဲ ဖော်ဆောင်နိုင်ရန် ဦးစားပေးဆောင်ရွက်နေကြပြီ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနပြခန်းကို ကြည့်ရှုစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သစ်တောပညာ နှစ်(၁၀၀)ရာပြည့်အထိမ်းအမှတ် တက္ကသိုလ်အဆင့်နှင့် အထက်တန်းအဆင့် ကဗျာ၊ ဆောင်းပါး၊ ဉာဏ်စမ်းပဟေဠိ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဒုတိယဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ကျွမ်းကျင်ပိုင်နိုင်မှု၊ လေ့ကျင့်သင်ကြားမှုစွမ်းဆောင်ရည်များသည် မည်မျှမြင့်မားသည်၊ နိုင်ငံတကာနှင့် အဆင့်မီသည်ဆိုသည်ကိုလည်း သက်သေပြနေခြင်းပင်ဖြစ်ပါကြောင်း၊ ထို့အတွက်လည်း အစဉ်အဆက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများကို လေးစားစွာဖြင့် ချီးကျူးဂုဏ်ပြုသည်ကို မှတ်တမ်းတင် ပြောကြားလိုပါကြောင်း၊ တက္ကသိုလ်ဆိုသည်မှာ ပညာရှင်များ မွေးထုတ်ပေးရာဌာနလည်း ဖြစ်ပါကြောင်း၊ သစ်တောပညာသင်ကြားရေးတွင် ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဒီပလိုမာဘွဲ့ရများစွာ မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် ပြည်ပနိုင်ငံအသီးသီး၌ ပါရဂူဘွဲ့ရများစွာ သင်ယူနိုင်ခဲ့သူများ၊ စနစ်ကျသည့်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း သစ်တောကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု စီးပွားရေး ဖွံ့ဖြိုးမှုအခြေခံသည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်း (Green Economy)၊ ကမ်းရိုးတန်းနှင့် သမုဒ္ဒရာကို အခြေခံသည့် အပြာရောင်စီးပွားရေးလုပ်ငန်း (Blue Economy)နှင့် သဘာဝကို အခြေခံဖြေရှင်းသည့် ဖွံ့ဖြိုးမှု လုပ်ငန်း (Nature-based Solutions) သဘောတရားများကို နားလည်ပြီး လက်တွေ့နယ်ပယ်၌ အသုံးချနိုင်သည့် ကျွမ်းကျင်ပညာရှင်များမွေးထုတ်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၏ ပင်မလုပ်ငန်းစဉ် နယ်ပယ်တစ်ရပ်အဖြစ် တိုးမြှင့်သင်ကြားပေးနိုင်ရေး၊ သစ်တောပညာရပ်ဘွဲ့ကြို၊ ဘွဲ့လွန်ဆိုင်ရာ သင်တန်းများသာမက ပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံဘွဲ့ရ ပညာရှင်များကိုပါ မွေးထုတ်နိုင်ရေး၊ ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်သွားနိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

### တိုက်တွန်းပြောကြား

အလေးအနက်ထားပြောကြားလိုသည်မှာ ကျောင်းသားကျောင်းသူများ၏ **“ပွဲကိုင်ရှင်များ”** ဖြစ်ကြသည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍဖြစ်ပါကြောင်း၊ အာစရိယအနွယ်ဝင် ဆရာ ဆရာမများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်များကို စဉ်ဆက်မပြတ်မြှင့်တင်ပေးခြင်း၊ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများ ပေါင်းစပ် ဆောင်ရွက်စေခြင်း၊ ပြည်တွင်း ပြည်ပအတွေ့အကြုံများရရှိစေရေး စီမံပေးခြင်း၊ သီအိုရီနှင့် လက်တွေ့ပေါင်းစပ်နိုင်သည့် ကျွမ်းကျင်မှုများရရှိစေရေးအတွက် ပံ့ပိုးကူညီပေးခြင်းတို့ကို အလေးအနက်ထား ဆောင်ရွက်ပေးရန် တိုက်တွန်း ပြောကြားလိုပါကြောင်း။

### ဆုမွန်ကောင်းတောင်း

သက်တမ်းနှစ်(၁၀၀)ပြည့်ခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံ၏ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်ကြီးမှ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးတို့တွင် သစ်တောများ၏ အရေးပါမှုကို သိရှိပြီး မိမိပညာရပ်ကိုတန်ဖိုးထား ဂုဏ်ယူတတ်သည့် ပညာတတ်မျိုးဆက်သစ်များ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေ၊ အရေးပါသည့် သစ်တောများ၊ တန်ဖိုးမဖြတ်နိုင်သည့် သဘာဝဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရှင်များ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်ပါစေ၊ တက္ကသိုလ်၏ ရည်မှန်းချက်ဖြစ်သည့် **“ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ သုတေသနနှင့် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်သည့် အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး”** ဆိုသည့်အချက်ကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်နိုင်ပါစေ၊ စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံ့ဂုဏ်ဆောင်သည့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ကြီးအဖြစ် ရာပြည့်မှသည် ဆက်လက်ပြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သစ်တောပညာနှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်ထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သစ်တောပညာနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် တက္ကသိုလ်အဆင့်နှင့် အထက်တန်းအဆင့် ကဗျာ၊ ဆောင်းပါး၊ ဉာဏ်စမ်းပဟေဠိ၊ စာစီစာကုံးပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

### ဆုများပေးအပ်ချီးမြှင့်

ဆက်လက်ပြီး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သစ်တောပညာနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် တက္ကသိုလ်အဆင့်နှင့် အထက်တန်းအဆင့် ကဗျာ၊ ဆောင်းပါး၊ ဉာဏ်စမ်းပဟေဠိ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဒုတိယဆုရရှိသူများကို လည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တတိယဆု ရရှိကြသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက “ဂုဏ်ပြုညွန့်ဖော် သစ်တောပညာ ရာပြည့်ပွဲတော်” သရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တက္ကသိုလ်၏ ရာပြည့်ဗီဒီယို မှတ်တမ်းအားပြသခြင်း၊ “ထာဝရမြန်မာ” တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ “သစ်တောနှင့်ပတ်ဝန်းကျင်တေးသီချင်း(MTV)” ဖြင့် တင်ဆက်ခြင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ “ကမ္ဘာကြီးကိုချစ်သော တို့ရဲ့အမိတက္ကသိုလ်” Theme Song ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ကျောဖုံးမှ**

အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေးကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၉)ကြိမ်မြောက်ဖြစ်ပြီး ဆုံးဖြတ်ချက် ၂၈၀ ချမှတ်နိုင်ခဲ့ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများနှင့် လုပ်ဆောင်ချက်များကို ကြည့်မည်ဆိုပါက ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း တည်ဆောက်ရေးစီမံကိန်း စတင်နိုင်ခဲ့ကြောင်း၊ ကုန်သွယ်မှုလမ်းကြောင်းများတွင် ကုန်တင်ယာဉ်များကို QR Code စနစ်ဖြင့် စစ်ဆေးမှုများ ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ E-Lock စနစ်ဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အစီအမံများကို ပြုစုရေးဆွဲနိုင်ခဲ့ပြီး စမ်းသပ်ဆောင်ရွက်နိုင်ရေး ဆက်လက်စီမံလျက်ရှိကြောင်း၊ ညောင်ခါးရှည်စီမံကိန်းနှင့်ပတ်သက်၍ အချိန်မီပြီးစီးရန်လိုအပ်ကြောင်း၊ QR Code ၊E-Lock စနစ်များဖြင့် ကုန်ပစ္စည်းများ တင်ပို့သည့် စမ်းသပ်မှုအောင်မြင်မည်ဆိုပါက တွင်ကျယ်စွာ အသုံးပြုနိုင်ရေး ဆွေးနွေးကြစေလိုကြောင်း။

### လမ်းညွှန်မှာကြားထား

**နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများ ပြည်ပမှ တင်သွင်းနေရမှုအတွက် ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားပြီးဖြစ်**ကြောင်း၊ အခြေခံလူသုံးကုန်ပစ္စည်းများ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်ရန် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ ဈေးကွက်အတွင်း အချိန်မီရောက်ရှိမှသာလျှင် ကုန်ထုတ်လုပ်မှု အမြန်ဆုံးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများ အချိန်မီမရောက်ရှိပါက ကုန်ချောထုတ်လုပ်မှုထိခိုက်နိုင်မည်ဖြစ်ပြီး ဈေးနှုန်းများ ကြီးမြင့်လာမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများမှ ဈေးပေါသည့် အခြေခံလူသုံးကုန်ပစ္စည်းများ ဈေးကွက်အတွင်း တရားမဝင်နည်းလမ်းများဖြင့် ဝင်ရောက်လာနိုင်သည့်အတွက် ပြည်တွင်း SMEs လုပ်ငန်းများ၏ ရှင်သန်ရပ်တည်မှုများလည်း ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို စနစ်တကျ ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုများ တားဆီးအရေးယူမှုနှင့်ပတ်သက်၍ ယခင်က ကန့်သတ်ကုန်ပစ္စည်းများဆိုပါက ပစ္စည်းသိမ်းဆည်းခြင်း၊ အကောက်ခွန်မဲ့ပစ္စည်းများဖြစ်ပါက ရွေးယူဒဏ်ငွေတပ်ရိုက်ပြီး ရွေးယူခွင့်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်သည့် ယာဉ်များကိုလည်း အကောက်ခွန် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ ပစ္စည်းသိမ်း၊ ယာဉ်သိမ်းခြင်းများကို အများဆုံး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထပ်ခါထပ်ခါ ကျူးလွန်နေသူများကို ယခုထက် ထိထိရောက်ရောက် ဟန့်တားအရေးယူသွားရန်လိုအပ်ကြောင်း၊ ရည်ရွယ်ချက်ရှိရှိ၊ လက်တစ်လုံးခြား တရားမဝင် ဆောင်ရွက်နေသည့် ကုန်ပစ္စည်းများပိုင်ရှင်နှင့် ယာဉ်ပိုင်ရှင်များ ထပ်မံဖမ်းဆီးရမိပါက ကုမ္ပဏီပိတ်သိမ်းခြင်းနှင့် ယာဉ်သိမ်းဆည်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်ကို ခေါ်ယူသတိပေးခြင်း၊ ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်းများဖြင့် ဆက်လက်ထိန်းသိမ်းကြပ်မတ်သွားကြရမည်ဖြစ်ကြောင်း၊ တားဆီးအရေးယူမှုများကြောင့် ရပ်တန့်မသွားသော ဆက်လက်ကျူးလွန်မှုများကို အကောက်ခွန်ဥပဒေအရသာမက ဆက်စပ်သည့် ဥပဒေများဖြင့် ပြင်းပြင်းထန်ထန် အရေးယူသွားကြရမည်ဖြစ်ကြောင်း။

**☆ ရွေးယူဒဏ်ငွေတန်ဖိုး သတ်မှတ်ခြင်းသည် ကျူးလွန်သူများအတွက် ဒဏ်ကြေးသတ်မှတ်ရာမရောက်ဘဲ ပြင်ပပေါက်ဈေးထက် လျော့နည်းသက်သာနေမည်ဆိုပါက ကျေကျေနပ်နပ် လာရောက်ရွေးယူနေကြမည်ဖြစ်ကြောင်း၊ နောင်ကြဉ်မှုမရှိဘဲ ထပ်ခါထပ်ခါ ကျူးလွန်ရန် အားပေးရာရောက်**

**☆ တရားမဝင်ကုန်သွယ်နေသူများအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် သင့်တင့်သည့် အရေးယူခြင်းမျိုးမဟုတ်ဘဲ ဥပဒေနှင့်အညီ ထပ်မံမကျူးလွန်ရဲအောင်၊ တရားမဝင်ကုန်သွယ်မှုများ ကြီးထွားမလာအောင် ဆင့်ကဲဆင့်ကဲ ပြင်းပြင်းထန်ထန် အရေးယူသွားရမည်ဖြစ်ကြောင်း၊ ရွေးယူဒဏ်ငွေတန်ဖိုးသတ်မှတ်ရာတွင် စနစ်တကျ သတ်မှတ်ဆောင်ရွက်ရေးသည် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်**

### ရွေးယူဒဏ်ငွေတန်ဖိုး သတ်မှတ်ခြင်း

ရွေးယူဒဏ်ငွေတန်ဖိုး သတ်မှတ်ခြင်းသည် ကျူးလွန်သူများအတွက် ဒဏ်ကြေးသတ်မှတ်ရာ မရောက်ဘဲ ပြင်ပပေါက်ဈေးထက် လျော့နည်းသက်သာနေမည်ဆိုပါက ကျေကျေနပ်နပ် လာရောက်ရွေးယူနေကြမည်ဖြစ်ကြောင်း၊ နောင်ကြဉ်မှုမရှိဘဲ ထပ်ခါထပ်ခါ ကျူးလွန်ရန် အားပေးရာရောက်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်နေသူများအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် သင့်တင့်သည့် အရေးယူခြင်းမျိုးမဟုတ်ဘဲ ဥပဒေနှင့်အညီ ထပ်မံမကျူးလွန်ရဲအောင်၊ တရားမဝင်ကုန်သွယ်မှုများ ကြီးထွားမလာအောင် ဆင့်ကဲဆင့်ကဲ ပြင်းပြင်းထန်ထန် အရေးယူသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးယူဒဏ်ငွေတန်ဖိုးသတ်မှတ်ရာတွင် စနစ်တကျ သတ်မှတ်ဆောင်ရွက်ရေးသည် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ကြောင်း။

One Stop Service များ၊ လမ်းခရီးတွင် လုံခြုံရေးအရ တာဝန်ထမ်းဆောင်နေရသည့် စုပေါင်းအဖွဲ့များအနေဖြင့် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ရိုင်းစိုင်းသည့် ပြောဆိုဆက်ဆံမှုအချို့ရှိနေသည်ကို ကြားသိရကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ရှိသည့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် စစ်ဆေးရေးစခန်းများနှင့် လုံခြုံရေးဂိတ်များတွင် စစ်ဆေးသည့်အခါ အတတ်နိုင်ဆုံး ပြေပြေလည်လည် ဆက်ဆံသွားရမည်ဖြစ်ပြီး စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နယ်စပ်ကျော် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် မြဝတီ-ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်း၊ မူဆယ်-လားရှိုး-မန္တလေး လမ်းကြောင်းတစ်လျှောက် ရှိနေသည့် စစ်ဆေးရေးစခန်းများနှင့် လုံခြုံရေးစခန်းများတွင် တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်သည့် စစ်ဆေးမှုအားနည်းချက်များရှိနေသည်ကို ကြားသိနေရကြောင်း၊ အဆိုပါ အားနည်းချက်များသည် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် ကြီးမားသည့် အဟန့်အတားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင် ဝင်ရောက်လာသည့် တရားမဝင်ကုန်ပစ္စည်းများကို ပြင်းပြင်းထန်ထန် တားဆီးစစ်ဆေး အရေးယူရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းရှိ တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအဖွဲ့များ၊ One Stop Service အဖွဲ့များနှင့် လုံခြုံရေးအဖွဲ့များ မူလတာဝန် ထိခိုက်စေမည့် တရားမဝင်ကိစ္စများ ဆောင်ရွက်နေသည်ဟု သတင်းရရှိပါက ထိရောက်သည့် ပြစ်ဒဏ်ဖြင့် အရေးယူသွားကြရမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့များသည် လူအများဖြင့်ထိတွေ့ဆက်ဆံရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ SoP များအတိုင်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့အတူ စစ်ဆေးရေးစခန်းများနှင့် စစ်ဆေးရေးအဖွဲ့များကို လာရောက်နှောင့်ယှက်နိုင်မည့် အကြမ်းဖက်သမားများ၏ သတင်းများကိုလည်း ကြိုတင်လက်ဦးမှုရရှိရေး လိုအပ်သည်များ စီမံဆောင်ရွက်ထားကြရန်လိုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင် က ဦးဆောင်ကော်မတီ အစည်းအဝေး(၂/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

### ဖတ်ကြားတင်ပြ

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိဂီဇင်တို့က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၃)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တို့က မြန်မာ-ထိုင်းနှစ်နိုင်ငံ ပို့ကုန်သွင်းကုန်နှိုင်းယှဉ်ချက်၊ တရားမဝင်လမ်းကြောင်းများမှ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းမှုမရှိစေရေး၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများ၊ တရားမဝင် ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ ပို့ကုန်ပစ္စည်း တရားမဝင်တင်ပို့မှု အခြေအနေများ၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တရားမဝင်ဂိတ် ဖွင့်လှစ်နေမှုများနှင့် QR Code ဖြင့် စစ်ဆေးဆောင်ရွက်နိုင်မှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၃/၂၀၂၃) ဆုံးဖြတ်ချက်(မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ခါတ်ခွဲနမူနာစုစုပေါင်း ၆၇၅၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် ၆၉ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ခါတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ခါတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၅-၂၀၂၃) ရက်နေ့ ည (၈:၀၀)နာရီမှ (၂၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ခါတ်ခွဲနမူနာစုစုပေါင်း(၆,၇၅၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ်(၆၉)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ခါတ်ခွဲနမူနာစုစုပေါင်း(၁၀,၆၁၀,၄၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ခါတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၄၉၁)ဦး ရှိပြီဖြစ်ပါသည်။

ခါတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၄၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P Bandara ကို လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P Bandara ကို ယနေ့နံနက် ၁၁နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် BIMSTEC အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အားလျော်စွာ BIMSTEC Cyber Security ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို သတင်းဖလှယ်၍ ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်အောင်အောင်၊ မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ်ကျော်လင်းနှင့် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ်အောင်ဌေးမြင့်တို့တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနစာတမ်းများဖတ်ပွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်စာအုပ် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခြင်း အခမ်းအနား ကျင်းပ



နေပြည်တော် မေ ၂၆

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ (၉) ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေးနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သုတေသနအရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**မေးမြန်းဆွေးနွေး**

အဆိုပါသုတေသနစာတမ်းဖတ်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှဲ့လှဲ့ခိုင်က "မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာတင်နှင့် ဦးစီးအရာရှိ ဦးကျော်လင်းအောင်တို့က "ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက ဆုံးဖြတ်ခဲ့သည့်အမှုအား လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ကမ္ဘာ့နိုင်ငံများအနက်မှ အထူးပြုလေ့လာသင့်သောနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုလေ့လာခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားစီရင်ရေးနည်းလမ်းဖြင့် ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် တရားရုံးတို့၏အခန်းကဏ္ဍများကိုလေ့လာခြင်း၊ သုတေသနစာတမ်းဖတ်ပွဲများ နှစ်ပတ်လျှင်တစ်ကြိမ်ကျင်းပခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိပညာပြန့်ပွားရေးအတွက် စာအုပ်များ ပြုစုထုတ်ဝေဖြန့်ဖြူးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စာအုပ်များ ပြုစုထုတ်ဝေလျက်ရှိရာတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးရာတွင် အောင်မြင်လျက်ရှိကာ မြန်မာနိုင်ငံနှင့် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးသော မိတ်ဆွေကောင်း အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်စာအုပ်ကို ပထမအကြိမ်အဖြစ် ရေးသားပြုစု ထုတ်ဝေထားသည်။

ထိုစာအုပ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာဘာသာသို့ ပြန်ဆိုလျက် မူရင်းဥပဒေပြဋ္ဌာန်းချက်ဖြစ်သည့် အင်္ဂလိပ်ဘာသာနှင့် ယှဉ်တွဲလေ့လာနိုင်စေရန်စီစဉ်ထားရှိပြီး တိုးတက်ပြောင်းလဲလာသော ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ နောက်ခံသမိုင်းကြောင်းများ၊ တရားစီရင်ရေးစနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားသည့် မူရင်းဝေါဟာရအသုံးအနှုန်းများကိုပါ ကောက်နုတ်၍ ဝေါဟာရအသုံးအနှုန်းများအဖြစ် ဖော်ပြထားရာ ဥပဒေပညာကို လေ့လာလိုက်စားသော ဥပဒေပညာရှင်များ၊ ဥပဒေပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများ၊ ဥပဒေပညာကို စိတ်ပါဝင်စားသူများ၊ ဗဟုသုတရှာမှီးလိုသူများအတွက် အဖိုးတန်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အပြင် ဥပဒေဘာသာပြန် လေ့လာနေသူများအတွက်လည်း အသုံးဝင်မည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြုစုထုတ်ဝေသော အဆိုပါစာအုပ်အား ဝယ်ယူလိုပါက စာအုပ်တန်ဖိုး ငွေကျပ် ၆၀၀၀/- ဖြင့် လုပ်ထုံးနှင့်သုတေသနဌာန တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၀၂၄၃၊ ၀၆၇-၃၄၃၀၂၆၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# ကရင်ပြည်နယ် နယ်ခြားစောင့်တပ်မိသားစုနှင့် မြိုင်ကြီးငူ အထူးဒေသ မိသားစုများက ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း

**စစ်တွေ မေ ၂၆**

မူလမြိုင်ကြီးငူ ဆရာတော်ကြီး အားရည်စူး၍ ဒုတိယမြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တဉာဏိက အမှူးပြုသော ကရင်ပြည်နယ် နယ်ခြားစောင့်တပ်မိသားစုနှင့် မြိုင်ကြီးငူ အထူးဒေသ မိသားစုများက ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေများကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းကြသည်။

**တက်ရောက်**

လှူဒါန်းပွဲသို့ ဒုတိယမြိုင်ကြီးငူ ဆရာတော် မဟာမင်္ဂလဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဉာဏိကနှင့် အောင်စေ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ အရှင်ပဝရသိဒ္ဓိတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ဒုတိယ ဝန်ကြီးများ၊ ပြည်နယ်အစိုးရ အဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် မိသားစုနှင့် မြိုင်ကြီးငူအထူးဒေသ မိသားစုများတက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ကရင်ပြည်နယ် နယ်ခြားစောင့်တပ် မိသားစုနှင့် မြိုင်ကြီးငူအထူး ဒေသမိသားစုများ ကိုယ်စား တာဝန်ရှိသူများက အလှူငွေစုစုပေါင်း ငွေကျပ်သိန်း ၁၅၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။



ကရင်ပြည်နယ် နယ်ခြားစောင့်တပ်မိသားစုနှင့် မြိုင်ကြီးငူ အထူးဒေသမိသားစုများကိုယ်စား တာဝန်ရှိသူများက အလှူငွေများ ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူစဉ်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့က ဆရာတော်များထံ နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယမြိုင်ကြီးငူ ဆရာတော်က ဩဝါဒစကား မြွက်ကြားပြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကျေးဇူးတင်စကား ပြန်လည်လျှောက်ထားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တို့သည် ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNRCD)မှ ယာယီ ညှိနှိုင်းရေးမှူးနှင့်အဖွဲ့အား ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNRCD)မှ ယာယီညှိနှိုင်းရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်ခဲ့မှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ၏ ကူညီထောက်ပံ့ရေး အစီအစဉ်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက သဘာဝဘေးပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လိုအပ်သည်များကို မှာကြား၍ လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ကုသစောင့်ရှောက်မှုပေးခဲ့**

မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုများပေးလျက်ရှိရာ ယနေ့အထိ မြို့နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၌ ပြင်ပလူနာ ၄၈၇၆ ဦး၊ အတွင်းလူနာ ၉၀၁၆ ဦးနှင့် ပြင်ပလူနာဌာနများတွင် ပြသသည့်လူနာ ၁၉၉၃၄ ဦးအား ကုသစောင့်ရှောက်မှုပေးခဲ့သည့် အပြင် ရေသန့်ဆေးခတ်ခြင်း ၂၁၂၃ ကြိမ်နှင့် ကျန်းမာရေးပညာပေးခြင်း ၁၆၉၄ ကြိမ် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် အရေးပေါ်တုံ့ပြန်ရေး အဖွဲ့နှင့် အထူးကုဆေးအဖွဲ့များဖြင့် ကွင်းဆင်း၍ ကုသမှုပေးခဲ့သည့် လူနာအရေအတွက်မှာ သက္ကယ်ပြင်၌ ၅၈ ဦး၊ မင်းပြားမြို့နယ်၌ ၅၅၆ ဦး၊ ကျောက်တော်မြို့နယ်၌ ၄၇၃ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်၌ ၂၇၅ ဦး၊ ပေါက်တောမြို့နယ်၌ ၂၇၂ ဦး၊ မာန်အောင်မြို့နယ်၌ ၈၄၈ ဦး၊ ဘူးသီးတောင်မြို့နယ်၌ ၁၉၀ နှင့် မောင်တော မြို့နယ်၌ ၅၃၃ ဦး စုစုပေါင်း ၃၂၀၅ ဦးရှိသည်။

စာမျက်နှာ ၁၂ သို့ ❖



မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် သွပ်များလှူဒါန်းပေးအပ်စဉ်။

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၌ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် အခြေခံကျောင်းများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီး



**မန္တလေး မေ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုသည် ကျောင်းတက်သူဦးရေ တိုးတက်ရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးတို့နှင့်စပ်လျဉ်း၍ ယမန်နေ့က မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်နှင့် အမရပူရခရိုင်တို့အတွင်းရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ စက်မှုလက်မှုသင်တန်းကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုသည် နံနက်ပိုင်းတွင် မဟာအောင်မြေခရိုင်နှင့် အောင်မြေသာစံခရိုင်တို့အတွင်းရှိ မူလတန်းကျောင်းအုပ်များ၊ ဆရာ ဆရာမများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးဆောင်များနှင့် တွေ့ဆုံအမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့သည့် မိန့်ခွန်းပါ အချက်အလက်များကို ထပ်ဆင့်အသိပေး ရှင်းလင်းတင်ပြခဲ့ပြီး ကျောင်းအပ်နှံသူဦးရေနှင့် ကျောင်းတက်သူဦးရေ ပိုမိုတိုးတက်ရေးနှင့် ကျောင်းသား ကျောင်းသူများ စဉ်ဆက်မပြတ် တန်းစဉ်ကူးပြောင်းနိုင်မှု လျော့နည်းမသွားရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၌ လိုအပ်နေသည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် အခြေခံကျောင်းများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်မှ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရေး မူဝါဒများ၊ ဦးတည်ချက်များ၊ ရည်မှန်းချက်များနှင့်အညီ ကျောင်းအပ်နှံသူနှင့် ကျောင်းတက်သူဦးရေ ပိုမိုတိုးတက်ရေး၊ ကျောင်းနေမြဲစေရေးနှင့် အတန်းကူးပြောင်းမှုမြင့်မားရေး၊ ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူတိုင်း အလယ်တန်းပညာ ပြီးမြောက်သည်အထိ အခမဲ့ပညာရေးအနေဖြင့် မသင်မနေရအဖြစ် တွန်းအားပေးဆောင်ရွက်နေပါကြောင်း၊ တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များအား အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူထားပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းပြုစုပျိုးထောင်ပေးသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်မှ အမျိုးသားပညာရည်မြှင့်တင်ရေး ကဏ္ဍများတွင် အလေးအနက်ထားဆောင်ရွက်နေမှု၊ ပညာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ခွဲဝေချထားပေးနေမှု၊ ပညာရေးကဏ္ဍနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ပြောကြားပြီး တက်ရောက်လာသူများက ကျောင်းတက်သူဦးရေတိုးတက်ရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးတို့နှင့်ပတ်သက်၍ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကြုံတွေ့နေရသည့် အခြေအနေများကို တင်ပြဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၂၃၂၅၀၀၀ ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်တို့အတွင်းရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ စက်မှုလက်မှုသင်တန်းကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းအုပ်ကြီးများ၊ နည်းပြများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုမိသားစုက ကျောက်ဆည်တက္ကသိုလ်ရှိ အနုပညာအသင်းအတွက် YAMAHA အမျိုးအစား ကီးဘုတ်တစ်လုံး လှူဒါန်းပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၏ တိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေ သုံးစွဲပေးမှုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြမှုများကိုလည်းကောင်း၊ တက်ရောက်လာသူများ၏ အဆင့်မြင့်ပညာကဏ္ဍတွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာတွေ့လက်တွေ့သင်ကြားနေမှု၊ ကျွမ်းကျင်တတ်မြောက်မှုအပိုင်းနှင့် ပတ်သက်၍ အကဲဖြတ်စစ်ဆေးမှု၊ သုတေသနလုပ်ငန်းဆောင်ရွက်နေမှု၊ အတန်းတက်ရောက်မှုကို တင်ပြဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ မြဝတီထပ်ဆင့်လွှင့်စက်ရုံနှင့် သဇင် FM ထပ်ဆင့်လွှင့်စက်ရုံများမှ ရုပ်သံလိုင်းများ ပြန်လည်ဖမ်းယူကြည့်ရှုနိုင်

**နေပြည်တော် မေ ၂၆**

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA)တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ/ ရပ်ကွက်များမှ လူနေအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည့်အပြင် စစ်တွေမြို့ရှိ မြဝတီထပ်ဆင့်လွှင့်စက်ရုံနှင့် သဇင် FM ထပ်ဆင့်လွှင့်စက်ရုံများမှာလည်း မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ပြီး မီတာ ၁၀၀ လေးချောင်းထောက် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ လဲကျပျက်စီးခဲ့သဖြင့် ရခိုင်ပြည်နယ်အတွင်း ရုပ်သံထုတ်လွှင့်မှုများ ခေတ္တရပ်ဆိုင်းခဲ့ရသည်။



**ဖမ်းယူရရှိနိုင်ပြီ**

အဆိုပါ ပျက်စီးခဲ့သည့် ထပ်ဆင့်လွှင့်စက်ရုံများနှင့် ဆက်စပ်ပစ္စည်းများ အမြန်ဆုံးပြန်လည်ကောင်းမွန်စွာထုတ်လွှင့်နိုင်ရေးအတွက် လိုအပ်သည့် ဆက်စပ်ပစ္စည်းများ အမြန်ပို့ဆောင်၍ ပြင်ဆင်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်စဉ်ကာလအတွင်း ယာယီထုတ်လွှင့်နိုင်ရေးအတွက် ၁၅ မီတာခန့်ရှိ ယာယီထုတ်လွှင့်တိုင်ထူထောင်ခြင်း၊ Antenna များ ချိန်ညှိခြင်းနှင့် Cable Feeder များ ချိတ်ဆက်ခြင်း၊ TVRO စလောင်း ချိန်ညှိဖမ်းယူခြင်း၊ Signal ကောင်းမွန်မှု ရှိ/ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မေ ၂၂ ရက်မှစတင်၍ မြဝတီရုပ်သံလိုင်းအား 642 MHz (၁၃၀ ဝပ်)ဖြင့် လည်းကောင်း၊ သဇင် FM အား 88.6 MHz (၅၄၀ ဝပ်)ဖြင့် လည်းကောင်း ၆ မိုင်ခန့် အကွာအဝေးအထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**လွှင့်အားတိုးမြှင့်ထုတ်လွှင့်နိုင်ရန်**

ထို့အပြင် မြဝတီထပ်ဆင့်လွှင့်စက်ရုံနှင့် သဇင် FM ထပ်ဆင့်လွှင့်စက်ရုံများမှ ထုတ်လွှင့်သည့် ရုပ်သံလိုင်းများအား မူလအတိုင်း ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ၆၅ မီတာ သုံးချောင်းထောက် တာဝါတိုင်ထောင်၍ Coverage Area လျော့ကျမှုမရှိစေရေး လွှင့်အားတိုးမြှင့် ထုတ်လွှင့်နိုင်ရန် နေ့/ည မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၁ မှ

သာသနိကအဆောက်အအုံများနှင့် ပတ်သက်၍လည်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် သီလရှင်ကျောင်းများအနက် ပထမအသုတ်အဖြစ် ကျောင်း ၁၀၀ အတွက် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ခွဲဝေပေးသည့် သွပ်အချပ်ရေ ၈၅၂၅ ချပ်၊ သွပ်မိုးသံ ၂၂၅ ပိဿာတို့ကို မေ ၂၅ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းတိုက်များသို့ လှူဒါန်းပေးအပ်ခဲ့ပြီး ယနေ့တွင်လည်း ဘုန်းတော်ကြီးကျောင်း ၇၂ ကျောင်းအတွက် လိုအပ်သည့် သစ်ခွဲသား ၅၁ တန်ကို ထပ်မံလှူဒါန်းခဲ့ကာ သွပ်၊ သွပ်မိုးသံနှင့် သစ်များထပ်မံရောက်ရှိမှုအပေါ်မူတည်၍ စဉ်ဆက်မပြတ် လှူဒါန်းထောက်ပံ့သွားမည်ဖြစ်သည်။

ထို့ပြင် ပြည်သူများ၏ ဖုန်းများ၊ အားသွင်းလျှပ်စစ်မီးများနှင့် အခြားအားသွင်း လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရန်အတွက် Charging Point နေရာများကို ကားကြီးဝင်းအနီး ကျော်ဇံဆီဆိုင်အရှေ့၊ မီးစက်ကြီးအဝိုင်း၊ လေယာဉ်ကွင်းလမ်းဆုံ၊ လောကနန္ဒာဘုရားကြီးအရှေ့၊ အစိုးရအဖွဲ့ရုံးရှေ့၊ ယဉ်ကျေးမှုပြတိုက်၊ ဘီလူးမတံတားထိပ်နှင့် မြို့နယ်အခွန်ရုံးရှေ့တို့တွင် စီစဉ်ဆောင်ရွက်ပေးထားရာ ပြည်သူများ အဆင်ပြေစွာ လာရောက်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ဖုန်းများ၊ အားသွင်းလျှပ်စစ်မီးများနှင့် အခြားအားသွင်းလျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရန်အတွက် Charging Point နေရာများ စီစဉ်ဆောင်ရွက်ပေးထားသည်ကို တွေ့ရစဉ်။

# နိုင်ငံတော်က ကျောင်းအပ်နှံရာတွင် ဘောပင်၊ ခဲတံ၊ ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံများ အခမဲ့ဆောင်ရွက်ပေးလျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း အေးသာယာမြို့ စက်မှုဇုန်အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဟဲဟိုး မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

**ဝိုင်းဝန်းပူးပေါင်းကြိုးစားပေး**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်က ပညာရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ဟဲဟိုးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအပ်နှံရေးကို ရာခိုင်နှုန်းပြည့်မီအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-9 အတန်းကို မသင်မနေရပညာရေးစနစ်ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က ကျောင်းအပ်နှံရာတွင်လည်း ဘောပင်၊ ခဲတံ၊ ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းပြန်လည်နေနိုင်ရေးအတွက် မိဘ၊ ဆရာ၊ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ သင်ကြားရေးပိုင်းတွင် Grade-9၊ Grade-12 ကို သင်တန်းများ ပို့ချပေးပြီးဖြစ်၍ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချပြီးဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သင်ရိုးသစ်သင်ကြားပြီး ကျောင်းသား ကျောင်းသူများ၏ တွေးခေါ်နိုင်စွမ်းကို ဖွင့်လှစ်ပေးလိုက်ခြင်း ဖြစ်ကြောင်း၊ သင်ကြားရေးမြင့်လာလျှင် ဆရာ ဆရာမများ စိတ်ဓာတ်များလည်း မြင့်လာမည်ဖြစ်ကြောင်း၊ စာဖတ်နိုင်မှ တွေးခေါ်နိုင်မှု မြင့်လာမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် မှန်ကန်သောသစ္စာတရားဖြင့် ကျောင်းသား ကျောင်းသူများ အဟာန့်အတားများကို ကျော်သား၊ ရင်သားမခွဲခြားဘဲ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်မှ ကလေးများစာတတ်စေလိုကြောင်း၊ ကျောင်းဥပဓိရုပ်ကောင်းစေရန် ပြုပြင်ထိန်းသိမ်းရမည့် ကိစ္စရပ်များ ရှိပါက တင်ပြကြရန်နှင့် သက်ဆိုင်ရာမိဘများကလည်း ကျောင်းပြုပြင်ရန် ကျန်ရှိနေပါက တင်ပြပေးကြစေလိုကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများကို စေတနာကောင်းဖြင့် မွေးထုတ်ပေးသူများဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကို မေတ္တာစေတနာဖြင့် ကျောင်းအပ်နှံနိုင်ရန် အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးစားပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျောင်းဖွင့်ချိန်တွင် သွားရောက်ကွင်းဆင်းကြည့်ရှု၍ ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပညာရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟဲဟိုးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီးက ကျောင်းပြင်ထိန်းကိစ္စရပ်များ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြန်လည်ဖြည့်စွက်ပြောကြားပြီး ကျောင်းဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ထောက်ပံ့ငွေပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့်ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမျိုးမင်းဦးတို့က လက်ခံရယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်စကားပြောကြားပြီး ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ကလောမြို့နယ် အောင်ပန်းမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကံ့ကော်ခန်းမ၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဆရာ ဆရာမများအနေဖြင့် ကျောင်းအပ်နှံရာတွင် ရာခိုင်နှုန်း ၁၀၀ ရရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ စာတတ်မှ နိုင်ငံမြင့်မည်ဖြစ်ပြီး စာဖတ်စွမ်းအားရှိရန်လိုကြောင်း၊ Grade-9 အတန်းကို မဖြစ်မနေသင်ယူရမှာဖြစ်ပြီး ပညာရေးစနစ်ကို အခမဲ့ဆောင်ရွက်ပေးထားကြောင်း၊ ကလေးများကျောင်းပျော်အောင် ထားရှိပေးရန်၊ ပညာတတ်အောင် မွေးထုတ်ပေးရန် ဆရာ ဆရာမများ အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ပြန်လည်ကျောင်းတက်ပါက အနာဂတ်ဘဝလှပမည်ဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုများ စာတတ်နိုင်ရန်အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အောင်ပန်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများက ကျောင်းအတွက် လိုအပ်ချက်များ ဆွေးနွေးတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဆွေးနွေးတင်ပြချက်အပေါ် ပြန်လည်ဖြည့်စွက်ပြောကြားဆောင်ရွက်ပေးခဲ့သည်။ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းငွေနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က လက်ခံရယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်စကားပြောကြား၍ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် အေးသာယာမြို့ စက်မှုဇုန်အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က နိုင်ငံတစ်ခု၏ ဖောင်ဒေးရှင်းသည် ပညာရေးဖြစ်ကြောင်း၊ စာတတ်မှ နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း၊ ဒေသခံဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများကို ကြိုးစားသင်ပေးကြရန်၊ ကျောင်းသား ကျောင်းသူများ၏ ဘဝမြှင့်တင်ရာတွင် ဆရာ ဆရာမများက အဓိကဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ မောင်းနှင်အားသည် ပညာရေးဖြစ်ကြောင်း၊ တိုင်းရင်းသားအများစုကို စာတတ်စေချင်ကြောင်း၊ ကလေးများ ကျောင်းပျော်အောင် မိဘဆရာများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အေးသာယာစက်မှုဇုန် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာမများက ကျောင်းလိုအပ်ချက်များ ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဆွေးနွေးတင်ပြမှုအပေါ် ပြန်လည်ဖြည့်စွက်ပြောကြားပြီး ကျောင်းဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းနှင့် ရှမ်းပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံတို့က ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က လက်ခံရယူကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်လုံးဆိုင်ရာ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက် အထက(လှည်းကူး) အောင်ဆန်းခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင် အမှာစကားပြောကြားစဉ်။

ဉာဏ်ဟိန်း



၂၀၂၃-၂၀၂၄ ပညာသင်နှစ် ခရိုင်/မြို့နယ်လုံးဆိုင်ရာ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းက ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးပေါ်ဦး အမှာစကားပြောကြားစဉ်။

မြို့နယ်(ပြန်/ဆက်)



၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၈ နာရီက လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမဆောင်၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဒေါ်မာလာရီ အမှာစကားပြောကြားစဉ်။

မြို့နယ်(ပြန်/ဆက်)

# ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရန် ဆရာ/မိဘ၊ ကျောင်းသား ကျောင်းသူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်

ဟိုပန် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်သည် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့်အတူ ယနေ့နံနက် ၉ နာရီခွဲက“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပန်လုံမြို့ရှိ ဌာနဆိုင်ရာများ၊ ပညာရေးဌာနဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် “ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး” ဆိုသည့်အချက်ကို ထည့်သွင်းဖော်ပြထားပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း “နိုင်ငံသားတိုင်း KG+9 ပြီးဆုံးသည်အထိ အခြေခံပညာသင်ယူခွင့်ရရှိရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၆၆ အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ အခြေခံပညာသင်ယူနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး၊ ပညာသင်ယူရမည့် အရွယ်အားလုံး ကျောင်းတက်ရောက်ရေး”စသည်တို့ကို နိုင်ငံတော်၏ ပညာရေးအခြေခံမူဝါဒအဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရန် ဆရာ/မိဘ၊ ကျောင်းသား ကျောင်းသူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြရန်၊ အခက်အခဲရှိပါက တိုင်းဒေသကြီး/ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်မှတစ်ဆင့် တင်ပြဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပန်လုံမြို့အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဒေါ်အက်စ်ခေါင်စေးက ပညာရေးကဏ္ဍဆိုင်ရာများကို တင်ပြသည်။ ဆက်လက်၍ အထက(ပန်လုံ)သို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ပြီး တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပန်လုံမြို့ရှိ ပြန်လည်ပြုပြင်မည့်ကြာကန်နေရာနှင့် ယခင်ပန်လုံစော်ဘွားဟော်နန်း အဆောက်အအုံကြွခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်သူ့ဆေးရုံသို့သွားရောက်ကာ ဆေးကုသမှုခံယူနေသော လူနာများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်သည်။ ထိုမှတစ်ဆင့် အမှတ်(၈)ရပ်ကွက်ရှိ နမ့်ခူရှဲ အမကကျောင်းသို့သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပန်ကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ပညာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရေးကို မှာကြားခဲ့ပြီး ကျောင်းအတွက် ထောက်ပံ့ ငွေကျပ် ၁၀ သိန်းနှင့် ကျောင်းသုံးပစ္စည်းနှင့် ဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝန်ကြီးဌာန နိုင်ငံ့ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ တက္ကသိုလ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော နေပြည်တော် ရှစ်မြို့နယ်အတွင်းမှ နိုင်ငံ့ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းသားမိဘ အရာထမ်းအမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်အနေဖြင့် အခြေခံပညာမှအစပြုကာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူရေးတွင် တစ်ထောင့်တစ်နေရာက ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ထူးချွန်သူများကို အားပေးချီးမြှောက်လျက်ရှိပါကြောင်း၊ အနာဂတ်ကာလတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍများတွင် မိမိတို့ ကျွမ်းကျင်ရာနယ်ပယ်က တာဝန်ယူလာကြရမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ မိဘဆရာသမားများ၏ သွန်သင်ဆုံးမလမ်းပြမှုကို စနစ်တကျခံယူပြီး မိမိဘဝ မိမိအနာဂတ်ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေး ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကြရာ ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။



ယနေ့ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိဦးစီးဌာနများ၊ တက္ကသိုလ်များ၌ တာဝန် ထမ်းဆောင်လျက်ရှိကြသော နေပြည်တော် ရှစ်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာ တက်ရောက်သင်ယူကြမည့် နိုင်ငံ့ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၀၀ ကျော်အတွက် ငွေကျပ် သိန်း ၆၀၀ ကျော် တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မေ ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ ဝန်ထမ်းမိသားစုများ၏ သားသမီး ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ ဝန်ထမ်းမိသားစုများ အထောက်အကူပြုစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ ဝန်ထမ်းမိသားစုများ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ရာတွင် ဝန်ထမ်းသက်သာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၈၈ ဦးအတွက် ငွေကျပ် ၄၈ သိန်း ၈ သောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။

**တစ်ဦးလျှင် တစ်သောင်းနှုန်း**

ယခုနှစ်၌လည်း ဝန်ထမ်းမိသားစုများ၏ သားသမီးများဖြစ်ကြသည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် တက်ရောက် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၅၅၂ ဦး၊ တက္ကသိုလ်အဆင့် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၅၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၀၉ ဦးအတွက် တစ်ဦးလျှင် တစ်သောင်းကျပ်နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၆၀ နှင့် ၉ သောင်း ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ အမြဲတမ်းအတွင်းဝန် ဦးရဲရင့်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်နှင့် ဦးအောင်မျိုးလွင်တို့က ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး အဆိုပါ အခမ်းအနားသို့ ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မုန်တိုင်းဒဏ်ခံရသည့် စစ်တွေမြို့ရှိ ဦးစီးမှူးရုံးအဆောက်အအုံများထိခိုက်ပျက်စီးမှု လှည့်လည်ကြည့်ရှု

**နေပြည်တော် မေ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံး စစ်တွေခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မိုခါမုန်တိုင်းဒဏ်ကြောင့် ဝန်ထမ်းစုပေါင်းအိမ်ရာ၌ ဝန်ထမ်းတိုက်ခန်းများ၏ အမိုးအကာများ ထိခိုက်ပျက်စီးမှု၊ ရုံးဝင်းအတွင်း သစ်ပင်ကြီးများ ပြိုလဲနေမှု၊ လျှပ်စစ်မီးကြိုးများ ပြတ်ကျနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြိုလဲသွားသည့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းဖယ်ရှားရေးနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ၊ မီးတိုင်များ ပြန်လည်ပြုပြင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အမြန်ဆုံးဆောင်ရွက်ရန်နှင့် ဝန်ထမ်းတိုက်ခန်းများ ပြန်လည်ပြုပြင်ရေးအတွက် ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ရုံးအဆောက်အအုံပျက်စီးမှု၊ ရုံးဝင်းအတွင်း သစ်ပင်ကြီးများ ပြိုလဲမှုအခြေအနေနှင့် မြို့နယ်ရုံး မှတ်တမ်းခန်းအတွင်း ပြည်သူများ၏ ကိုယ်ရေးမှတ်တမ်းဖိုင်များ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ရုံးခန်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးမှု၊ သစ်ပင်များပြိုလဲမှုနှင့် ရုံးအဆောက်အအုံများ ထိခိုက်ပျက်စီးမှု၊ ရုံးခြံစည်းရိုးအုတ်တံတိုင်းများ ပြိုကျပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုခါမုန်တိုင်းမကျမီ ကြိုတင်သတင်းရရှိသည်နှင့် ဝန်ထမ်းများအား ရုံးစာရွက်စာတမ်းများကို ကွန်ပျူတာတက္ကသိုလ်သို့ ယာယီရွှေ့ပြောင်းထားရှိမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှု၊ ရုံးအဆောက်အအုံများပေါ်သို့ သစ်ပင်ကြီးများ ပြိုလဲပျက်စီးမှု အခြေအနေများကိုရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပျက်စီးပြိုလဲသည့် သစ်ပင်ကြီးများ အမြန်ဆုံး ရှင်းလင်းဖယ်ရှားကာ ကိုယ့်အားကိုယ်ကိုး ပြုပြင်နိုင်သည့်ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်ကြရေး၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်နိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြား၍ ထိခိုက်ပျက်စီးမှုမရှိသည့် အဆောက်အအုံများတွင် ရုံးစာရွက်စာတမ်းနှင့် ရုံးသုံးပစ္စည်းများ စနစ်တကျ ပြန်လည်နေရာချထားရန်နှင့် ယာယီရွှေ့ပြောင်းထားသည့် ဝန်ထမ်းမိသားစုများကိုလည်း ပြုပြင်ပြီးအိမ်ရာအဆောက်အအုံများ၌ စနစ်တကျ ပြန်လည်နေရာချထားနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်နှင့် စစ်တွေခရိုင်တို့မှ ဝန်ထမ်းများကို တွေ့ဆုံ၍ မိုခါ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ပြုပြင်ဖြည့်ဆည်းပေးမည့် အစီအစဉ်များနှင့် နိုင်ငံတော်မှ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းအခြေအနေများ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍အားပေးစကားပြောကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့နယ်ဦးစီးမှူးရုံး၌ မြို့နယ်ရုံးဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုဒဏ်ခံရသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၊ စစ်တွေခရိုင်ဦးစီးမှူးရုံးနှင့် စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ ဘူးသီးတောင် စသည့်မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် သိန်း ၂၀၀နှင့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ပဲဘူး အပါအဝင် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် Sinovac အမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး doses တစ်သန်းနှင့် ဆေးထိုးအပ်တစ်သန်း လွှဲပြောင်းလက်ခံပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် မေ ၂၆**

ကမ္ဘောဒီးယားနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် Sinovac အမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး doses တစ်သန်းနှင့် ကာကွယ်ဆေးထိုးအပ် တစ်သန်းတို့သည် ယနေ့ နံနက် ၇နာရီခွဲတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ခရီးစဉ် အမှတ် KR3763 အထူးလေယာဉ်ဖြင့် ရောက်ရှိခဲ့ပြီး လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်များ ဧည့်ခန်းမဆောင်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန Permanent Secretary of State၊ H.E. Dr. Youk Sambath တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ကာကွယ်၊ ထိန်းချုပ်နိုင်ရေး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအား ရှေးရှု၍ လှူဒါန်းသော Sinovac အမျိုးအစား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး doses တစ်သန်းနှင့် ကာကွယ်ဆေးထိုးအပ် တစ်သန်းတို့အား ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန Permanent Secretary of State၊ H.E. Dr. Youk Sambath က လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယခင်နှစ်များကလည်း ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ဆေးနှင့်ဆေးပစ္စည်းများ၊ လှူဒါန်းငွေများကို ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲနှင့် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ ပြည်သူ့အစိုးရတို့ ပူးပေါင်း၍ မြန်မာ(နေပြည်တော်) – တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို မေ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ ဒုတိယမြောက်နေ့အစီအစဉ်အနေဖြင့် မြန်မာ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲနှင့် လက်မှတ်ရေးထိုးပွဲအခမ်းအနားတို့ကို ယနေ့ နံနက် ၉ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)ရှိ Plenary Hall ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လင်ချန်းယဉ်ကျေးမှုအကအဖွဲ့များက တရုတ်ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu၊ လင်ချန်းမြို့ စီးပွားရေးဌာန ညွှန်ကြားရေးမှူး Mr.Zhou Yongzhi တို့က အဖွင့်အမှာစကားများ ပြောကြားသည်။ ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံမှ ကုမ္ပဏီများက နှစ်နိုင်ငံကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြသည်။




ထို့နောက် နှစ်နိုင်ငံမှ ကုမ္ပဏီ ၁၇ ခုသည် လယ်ယာထွက်ကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ အချိုရည်နှင့် အဖျော်ယမကာ၊ ဆေးဝါးပစ္စည်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့် လျှပ်စစ်သုံး မော်တော်ယာဉ်များ စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ကိုးခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြပွဲတွေကတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်သွားနိုင်မယ့်အလားအလာကောင်းတွေ များစွာရှိပါတယ်

ဒေါ်နော်မူတာကပေါ်(ညွှန်ကြားရေးမှူးချုပ်)

**“ဖွံ့ဖြိုးမှုသစ်များရရှိဖို့ လမ်းကြောင်းသစ်များ တည်ဆောက်စို့” ခေါင်းစဉ်ဖြင့် မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ(စတုတ္ထအကြိမ် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးကုန်စည်ပြပွဲ)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ မေ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိသည်။**

ပြပွဲတွင် မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ကုမ္ပဏီ ၆၅ ခုမှ ပြခန်းပေါင်း ၇၉ ခန်း၊ တရုတ်နိုင်ငံကုန်သည်လုပ်ငန်းရှင် ၇၀ မှ ပြခန်းပေါင်း ၄၀ တို့က ဒေသထွက်စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ လက်ဖက်နှင့် ကော်ဖီ၊ လယ်ယာထွက်ကုန်များ၊ ကြိမ်နှင့် ဝါးထွက်ကုန်များ၊ သစ်သားပန်းပုများ၊ ပရိဘောဂများနှင့် ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည်ဖြင့် ကဏ္ဍစုံပါဝင်သည်။

ကုန်စည်ပြပွဲသည် နယ်နိမိတ်ချင်း ထိစပ်နေသည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ခိုင်မာအားကောင်းမှု၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းပြည်သူများ၏ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်လျက်ရှိသည့် အခမ်းအနားတစ်ခုလည်းဖြစ်ရာ တာဝန်ရှိသူများ၊ ပြခန်းပါဝင်ပြသသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါ်နော်မူတာကပေါ်(ညွှန်ကြားရေးမှူးချုပ်)**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ဒီနေ့ပြပွဲ ကျင်းပရတဲ့ ရည်ရွယ်ချက်က မြန်မာကုန်သည်တွေနဲ့ တရုတ်ကုန်သည်တွေအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့၊ ကုန်သွယ်မှုလမ်းကြောင်း အသစ်တွေရှာဖွေပြီး အလားအလာရှိတဲ့ ကုန်စည်တွေတိုးချဲ့ထုတ်လုပ်နိုင်ဖို့၊ ကုန်သည်လုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံရင်းနှီးပြီး လုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ပြခန်းတွေမှာ သစ်သီးဝလံ၊ ရေထွက်ပစ္စည်း၊ ပရိဘောဂ၊ စားသောက်ကုန်၊ လက်မှုပစ္စည်း၊ အထည်အလိပ် စသည်ဖြင့် အမျိုးအမည်အစုံပါဝင်ပါတယ်။ တရုတ်နိုင်ငံဘက်ကဆိုရင် ဆိုလာနဲ့ပတ်သက်တဲ့ နည်းပညာပစ္စည်းတွေ၊ စားသောက်ကုန်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေပါဝင်တယ်။ အခုလို ပြပွဲတွေကတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်သွားနိုင်မယ့် အလားအလာကောင်းတွေ များစွာရှိပါတယ်။ ပြပွဲကို လေးရက်တာကျင်းပမှာဖြစ်တဲ့အတွက် လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**Mr. Zhou Yong Zhi (ညွှန်ကြားရေးမှူး-လင်ချန်းမြို့**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန)**

အရင်တုန်းက အခုလိုကုန်စည်ပြပွဲက နယ်စပ်မြို့တွေမှာ ကျင်းပတာဖြစ်ပါတယ်။ ကုမ္ပဏီတွေသာမက အားလုံးက ဒီပြပွဲကို စောင့်မျှော်နေကြတာကြာပါပြီ။ တရုတ်နိုင်ငံဘက်ကလည်း ဒီကုန်စည်ပြပွဲကို အလေးအနက်ထားပါတယ်။ တရုတ်နိုင်ငံက လာရောက်ခင်းကျင်းပြသတဲ့ ကုမ္ပဏီ ၈၀ ကျော်ရှိပါတယ်။ ယူနန်ပြည်နယ်သာမက ပြည်နယ်အများစု ပါဝင်ပါတယ်။ ကုန်ပစ္စည်းအမျိုးအမည်အနေနဲ့ ၅၀၀ ကျော်ပါဝင်ပြီး တစ်နှစ်ထက်တစ်နှစ် အမျိုးအစားစုံလင်လာပါတယ်။ မြန်မာနိုင်ငံဘက်ကလည်း နေပြည်တော်မှာ ကုန်စည်ပြပွဲကို ကျင်းပပေမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လာရောက်ပြသကြတာဖြစ်ပါတယ်။ ကုမ္ပဏီတွေ တော်တော်များများပါဝင်ပြီး ကုန်ပစ္စည်းအမျိုးအမည်လည်း များစွာပါဝင်ပါတယ်။

ဒီကုန်စည်ပြပွဲက နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ ပေါင်းကူးတံတားသဖွယ်ဖြစ်ပါတယ်။ စီးပွားရေးတွေ လုပ်ဆောင်နိုင်အောင် Platform တည်ဆောက်ပေးခြင်းဖြစ်ပါတယ်။ နှစ်နိုင်ငံလုပ်ငန်းရှင်တွေအတွက် ဝန်ဆောင်မှုထောက်ပံ့ခြင်းလည်း ဖြစ်ပါတယ်။ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမယ့် ပွဲတော်တစ်ခုဖြစ်ပါတယ်။ ဒီပြပွဲက နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ နယ်စပ်မြို့တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အထောက်အကူပြုစေပါတယ်။ နယ်စပ်မြို့တွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကုမ္ပဏီတွေကလည်း အကျိုးရလဒ်ခံစားရလာမယ်။ ဒေသမှာရှိတဲ့လူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေအများကြီးပေါ်လာပြီး စီးပွားရေးဖွံ့ဖြိုးလာမယ်။ ဒီကုန်စည်ပြပွဲက နယ်စပ်မြို့မှာ ကျင်းပတာပဲဖြစ်ဖြစ်၊ နေပြည်တော်မှာ ကျင်းပတာပဲဖြစ်ဖြစ် ရည်ရွယ်ချက်က မပြောင်းပါဘူး။ နယ်စပ်ဒေသမှာရှိတဲ့ ကုမ္ပဏီတွေ၊ ပြည်သူတွေ စီးပွားရေးတိုးတက်ဖို့ ဖြစ်ပါတယ်။ ဒုတိယက အပြန်အလှန်ဖလှယ်ရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက်ပဲ ဖြစ်ပါတယ်။ ဖလှယ်ခြင်းက နှစ်နိုင်ငံပြည်သူအချင်းချင်း ယဉ်ကျေးမှုဖလှယ်ခြင်းလည်း ပါဝင်တယ်။ ကုန်ပစ္စည်းတွေကို ကုန်သွယ်မှုလုပ်ခြင်းလည်း ဖြစ်ပါတယ်။ ဖလှယ်ခြင်းက ကုမ္ပဏီတွေအတွက်၊ လုပ်ငန်းရှင်တွေအတွက်၊ ပြည်သူလူထုအတွက် အကျိုးရှိအောင်ဖလှယ်ခြင်း ဖြစ်ပါတယ်။ ဒီကုန်စည်ပြပွဲက တရုတ်-မြန်မာ နှစ်နိုင်ငံအတွက် လက်တွေ့ကျတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်စေနိုင်မယ်လို့ ယုံကြည်ပါတယ်။


ဒေါ်နော်မူတာကပေါ်


Mr. Zhou Yong Zhi


ဦးအောင်သိန်းနိုင်


Mr.Frank Hu


Mr. Chen Ming Chang


ဦးဖြိုးသူ

**ဦးအောင်သိန်းနိုင်(ဒုတိယဥက္ကဋ္ဌ၊**
**ကိုးကန့်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း)**

ပြပွဲမှာ ကိုးကန့်ဒေသထွက် ထုတ်ကုန်တွေကို လာရောက်ပြသတာဖြစ်ပါတယ်။ ကိုးကန့်ဒေသကထွက်တဲ့ လက်ဖက်၊ သစ်ကြားသီး၊ ကော်ဖီ စတဲ့ ထုတ်ကုန်တွေပါဝင်ပါတယ်။ ကိုးကန့်တိုင်းရင်းသားလုပ်ငန်းရှင်တွေက ပြခန်း ၃၀ ခန့် ပြသကြပါတယ်။ ပြပွဲကြီးအောင်မြင်စွာကျင်းပနိုင်ဖို့ ပြပွဲမတိုင်ခင်ကလည်း လင်ချန်းဒေသက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနက တာဝန်ရှိသူတွေ၊ ကုန်သည်တွေနဲ့ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးမှုတွေပြုလုပ်ပါတယ်။ ဒီကုန်စည်ပြပွဲက လုပ်ငန်းရှင်တွေအတွက် အကျိုးကျေးဇူးများစွာရှိတဲ့အတွက် နှစ်စဉ်ကျင်းပသင့်ပါတယ်။ ဒီပြပွဲကို လေးရက်တိုင်တိုင်ကျင်းပမှာဖြစ်တဲ့အတွက် အားလုံးကို လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**Mr.Frank Hu(လက်ဖက်လုပ်ငန်းရှင်)**

ကျွန်တော်က လင်ချန်းဒေသကနေ လက်ဖက်ထွက်ကုန်တွေကို ဒီပြခန်းမှာ လာရောက်ပြသတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုပြပွဲမှာ ရောင်းချရဖို့ထက် မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေနဲ့ အချိတ်အဆက်အဓိကရချင်တာပါ။ တရုတ်နိုင်ငံမှာက လက်ဖက်ဈေးကွက်က ရှိပြီးသားပါ။ မြန်မာနိုင်ငံက လက်ဖက်ထွက်ကုန်ကုန်ကြမ်းတွေ အများကြီးရနိုင်တယ်။ ဒါကြောင့် မြန်မာလုပ်ငန်းရှင်တွေနဲ့ အချိတ်အဆက်ရချင်တဲ့အတွက် အဓိကလာရောက်ပြသခြင်းဖြစ်ပါတယ်။ ဒီကုန်စည်ပြပွဲကနေ လုပ်ငန်းရှင်တွေအတွက် အကျိုးကျေးဇူးတွေရရှိနိုင်မှာပါ။ နောင်လည်း ထပ်ပြီးကျင်းပဖို့မျှော်လင့်ပါတယ်။ ပြခန်းတွေ ဒီထက်ပိုပြီး နေရာကျယ်နိုင်ရင်တော့ ပိုပြီးအဆင်ပြေမယ်လို့ အကြံပြုလိုပါတယ်။

**Mr. Chen Ming Chang ( Henan  Feibo Vehicle Industry Co.,ltd.)**

လျှပ်စစ် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ EV ကား အသေးတွေကို လာရောက်ပြသတာဖြစ်ပါတယ်။ အခုလို စက်သုံးဆီဈေးနှုန်းတွေ ကြီးမြင့်နေချိန်မှာ ဘက်ထရီကိုသုံးတော့ အားသွင်းရုံနဲ့ အဆင်ပြေတယ်။ ငွေကုန်ကြေးကျလည်းသက်သာပါတယ်။ အခုလက်ရှိ ပြသထားတဲ့ ပစ္စည်းတွေက မြန်မာနိုင်ငံမှာ သုံးစွဲမှုမတွင်ကျယ်သေးပါဘူး။ ပစ္စည်းတွေက အရည်အသွေးလည်း တကယ်ကောင်းပါတယ်။ ပုံမှန်ဆိုရင် အဲကွန်းမပါဘူး။ ကျွန်တော်တို့ ကုမ္ပဏီက ထုတ်တဲ့ EV ကားအသေးတွေမှာ အဲကွန်းပါတယ်။ မောင်းနိုင်တဲ့ ကီလိုအကွာအဝေးလည်း များတယ်။ အခုသုံးထားတဲ့ ဘက်ထရီကလည်း စိတ်ချရတယ်။ အားသွင်းလည်း မြန်တယ်။ ရိုးရိုးအိမ်သုံးလျှပ်စစ်မီးနဲ့ကို အားသွင်းနိုင်တယ်။ ဈေးလည်း သက်သာတယ်။ သုံးလည်းသုံးစေချင်လို့ လာရောက်ပြသတာဖြစ်ပါတယ်။ ကုန်စည်ပြပွဲတွေမှာ လာရောက်ပြသခြင်းအားဖြင့် လူသိများပြီး ရောင်းအားတွေ တက်လာမယ်ဖို့ မျှော်လင့်ပါတယ်။

**ဦးဖြိုးသူ(မိုးသီရိအထည်ချုပ်နှင့် ဖြန့်ချိရေးလုပ်ငန်း)**

ကိုရီးယားဆွဲသား၊ ချီပွန်နဲ့ စပန့်တွေကို အမျိုးသမီးဝတ် အဝတ်အထည်တွေကို လာရောက်ပြသတာဖြစ်ပါတယ်။ ပါဝင်ပြသဖြစ်တာက ပြပွဲအတွေ့အကြုံရဖို့၊ ကျွန်တော်တို့ ထုတ်ကုန်ပစ္စည်းတွေကို လူသိများလာစေဖို့ ရည်ရွယ်ပါတယ်။ အချို့ပိတ်စတွေက ကိုရီးယား၊ တရုတ်နိုင်ငံတွေက သွင်းတာဖြစ်တဲ့အတွက် အချိတ်အဆက်ကောင်းတွေရဖို့ ရည်ရွယ်ပါတယ်။ အခုလက်ရှိမှာလည်း ချိတ်ဆက်ဆောင်ရွက်ဖို့ရထားတာလည်း ရှိပါတယ်။ ကျွန်တော်တို့လုပ်ငန်းက နေပြည်တော်မှာဖြစ်တဲ့အတွက် နေပြည်တော်မှာနေထိုင်တဲ့ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာစေဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။

**ဒေါ်မြသဲဖြူ(မန်နေဂျင်းဒါရိုက်တာ၊**
**Golden Goat Myanmar Co.,Ltd.)**

ဒီကုန်စည်ပြပွဲကို အခုနှစ်မှ ပါဝင်ပြသတာဖြစ်ပါတယ်။ ပြသဖြစ်တဲ့အတွက် အားသာချက်တွေအများကြီးရရှိပါတယ်။ တရုတ်နိုင်ငံနဲ့ ပူးပေါင်းကျင်းပတာဖြစ်တဲ့အတွက် တရုတ်လုပ်ငန်းရှင်တွေနဲ့ အချိတ်အဆက်တွေရပါတယ်။ အခုကုန်စည်ပြပွဲမှာ တရုတ်ဘက်က မန်ကျည်းဖျော်ရည်ထုတ်လုပ်သူက ကျွန်မတို့ ထုတ်ကုန်တွေကို လာပြီးလေ့လာတယ်။ သူတို့ထုတ်ကုန်တွေကိုလည်း မြည်းစမ်းခိုင်းတယ်။ ကျွန်မတို့ မန်ကျည်းဖျော်ရည်ကိုလည်း သူတို့ မြည်းစမ်းတယ်၊ လေ့လာတယ်။ ပြီးတော့ ကျွန်မတို့နဲ့ အလုပ်တွဲလုပ်ဖို့ ကျွန်မတို့ စက်ရုံကို လာရောက်လေ့လာမယ်လို့ ပြောပါတယ်။ ကျွန်မတို့ရဲ့စက်ရုံက ကျောက်ပန်းတောင်းမှာရှိပါတယ်။ ကျောက်ပန်းတောင်းက မန်ကျည်းသီးပေါတယ်၊ ထန်းပင်ပေါတယ်။ ဒါကြောင့် မန်ကျည်းသီးနဲ့ ထန်းလျက်ကို အခြေခံတဲ့ ထုတ်ကုန်တွေကို ထုတ်လုပ်ရောင်းချပါတယ်။ ထုတ်လုပ်တဲ့ပစ္စည်းတွေကို အစာအစား ဘေးကင်းလုံခြုံမှုရှိအောင် စနစ်တကျထုပ်ပိုးရောင်းချပါတယ်။ ကိုယ့်ဒေသက ထွက်ကုန်ကို စနစ်တကျ ဘေးကင်းကင်းနဲ့ ထုတ်လုပ်ရောင်းချတာကို တရုတ်လုပ်ငန်းရှင်တွေလည်း မြင်သွားတယ်။ ဒီပြပွဲက ကျွန်မတို့လို local SME တွေအတွက် အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုပြပွဲတွေ ဆက်လက်ကျင်းပစေချင်ပါတယ်။

တွေ့ဆုံမေးမြန်း - ဝင်းမင်း
ဓာတ်ပုံ - ထိန်နန်နော်

# မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ဒုတိယနေ့ကျင်းပ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာ

နေပြည်တော် မေ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ပြည်သူ့အစိုးရတို့ ပူးပေါင်း၍ မြန်မာ(နေပြည်တော်) - တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ဒုတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြသည်။



## ခင်းကျင်းရောင်းချ

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ကုမ္ပဏီ ၆၅ ခုမှ ပြခန်းပေါင်း ၇၉ ခန်း၊ တရုတ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင် ၇၀ မှ ပြခန်းပေါင်း ၄၀ ခန့်က ဒေသထွက်ကုန်စားသောက်ကုန်များ၊ ငါးပိ၊ ငါးခြောက်၊ ပဲအမျိုးမျိုး၊ လက်ဖက်ခြောက်၊ လက်ဖက်စို၊ ကော်ဖီ၊ ပုသိမ်ဟာလဝါ၊ ကြာဆံ၊ မြေပဲလိပ်၊ မြေပဲယိုနှင့် မန်ကျည်းဖျော်ရည်တို့အပြင် လူသုံးကုန်များဖြစ်သည့် အဝတ်အထည်၊ အလှကုန်၊ ကြိမ်နှင့် ဝါးထွက်ကုန်ပစ္စည်း၊ သစ်သားပန်းပုရုပ်တုများ၊ ပရိဘောဂများ၊ ပယင်းနှင့် ပတ်သက်သည့် ပစ္စည်းများနှင့် ကျောက်မျက်ရတနာများကို ခင်းကျင်းရောင်းချလျက်ရှိရာ လာရောက်လေ့လာ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့တွင် တရုတ်-မြန်မာ စီးပွားရေးကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးခဲ့ရာ ယင်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက "တရုတ်-မြန်မာ စီးပွားကုန်သွယ်မှု လက်မှတ်ရေးထိုးခဲ့တာ ကိုးစောင်ဖြစ်ပါတယ်။ တရုတ်ဘက်က ကုမ္ပဏီ ကိုးခုနဲ့ မြန်မာဘက်က ကုမ္ပဏီ ကိုးခုတို့ လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ မြန်မာဘက်က လယ်ယာထွက်ကုန်တွေကို တရုတ်ဘက်ကဝယ်ယူဖို့ကိစ္စဖြစ်ပါတယ်။ လယ်ထွက်ကုန်တွေဖြစ်တဲ့ ဆန်၊ ပြောင်း၊ တိရစ္ဆာန်အစာတွေအပြင် အခြား ပူးပေါင်းဆောင်ရွက်တဲ့ကိစ္စတွေ ပါဝင်ပါတယ်။

တရုတ်ဘက်ကဆိုရင် အိမ်သုံးလျှပ်စစ်ပစ္စည်း၊ အသေးစားနဲ့ လျှပ်စစ်အပိုပစ္စည်းတွေကို လက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။ ကုန်စည်ပြပွဲကို အကြောင်းပြုပြီး နှစ်နိုင်ငံ ကုန်သွယ်လုပ်ငန်းရှင်တွေက ဘယ်အပိုင်းမှာ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုတာ ဆွေးနွေးပြီးမှ လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။ ဒီလို လက်မှတ်ရေးထိုးခြင်းအားဖြင့် အဓိကရည်ရွယ်ချက်ဖြစ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လက်မှတ်ရေးထိုးတဲ့ ကုမ္ပဏီတွေရဲ့ အခက်အခဲတွေကို တတ်နိုင်တဲ့အပိုင်းက ကူညီဖြေရှင်းပေးသွားမှာဖြစ်ပါတယ်။ မြန်မာကုန်သွယ်လုပ်ငန်းတွေအနေနဲ့ နိုင်ငံခြားသွားပြီး မိတ်ဆက်စရာမလိုဘဲ ပြည်တွင်းမှာ ဖိတ်ခေါ်ပေးထားတဲ့ လုပ်ငန်းတွေကို လာရောက်ကြည့်ရှုလေ့လာပြီး နောင်အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်နိုင်မယ့်အခွင့်အလမ်းတွေကို လာရောက်ရှာဖွေကြပါ" ဟု ပြောကြားသည်။

ထို့ပြင် တရုတ်-မြန်မာ စီးပွားရေးကုန်သွယ်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွင် လက်မှတ်ရေးထိုးခဲ့သည့် Six Six Eight Co.,Ltd မှ မန်နေဂျာ ဦးခင်အောင်သက်က "ဒီလို လက်မှတ်ရေးထိုးနိုင်တာက ဝမ်းသာစရာကိစ္စဖြစ်ပါတယ်။ ဆိုင်ဖွင့်တိုင်းလည်း ဒီလိုလက်မှတ်ရေးထိုးနိုင်တာမဟုတ်ပါဘူး။ အခွင့်အရေးအထူးရတယ်လို့ သဘောထားပါတယ်။ အကျိုးကျေးဇူးအနေနဲ့ ကျွန်တော်တို့ရဲ့ ပဲတွေကို တရုတ်ကိုရောင်းချမှာဖြစ်ပါတယ်။ စီးပွားရေးဆိုတာ အမြတ်အစွန်းရရှိဖို့ဖြစ်ပါတယ်။ အခုကျွန်တော်တို့ ပဲတွေရောင်းထွက်မယ်။ သူတို့ကလည်း သူတို့ကြိုက်တဲ့ ကုန်ပစ္စည်းရတဲ့အတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိစေတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ သူတို့က ဘယ်ပဲတွေ ဝယ်မယ်ဆိုတာကိုတော့ မသိရသေးပါဘူး။ ပဲနမူနာတွေကိုပေးတဲ့အခါမှာ သူတို့နှစ်သက်မှုတွေရှိပါတယ်။ ဒီလို လက်မှတ်ရေးထိုးတာက နိုင်ငံတော်အတွက် ဝင်ငွေရတဲ့အပြင် ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့လည်း ဝင်ငွေရပါတယ်။ ကျွန်တော်တို့က ရောင်းသူဖြစ်တဲ့အတွက် ဝယ်သူကို လိုက်ရှာရပါတယ်။ အခု နိုင်ငံတော်က ဒီလို ကုန်စည်ပြပွဲတွေကျင်းပပေးတဲ့အတွက် ဝယ်သူကို အထူးတလည်ရှာစရာမလိုတော့လို့ အလွန်ဝမ်းသာမိပါတယ်။ နိုင်ငံတော်ကိုလည်း ဒီလိုပွဲတွေ မကြာခဏ ကျင်းပပေးစေချင်ပါတယ်။ ကျင်းပတိုင်းလည်း ပါဝင်နိုင်အောင် ကြိုးစားသွားပါမယ်" ဟု ပြောသည်။

## ထင်ဟပ်လျက်ရှိ

ယခု ကုန်စည်ပြပွဲသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ခိုင်မာအားကောင်းမှု၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းပြည်သူများ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်လျက်ရှိသည့် ပြပွဲတစ်ခုဖြစ်သည်။ ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လိုအပ်သည့် ကုန်စည်များကို ရွေးချယ်၍ လာရောက်ပြသခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံဈေးကွက်အတွက် အလားအလာရှိသည့် ကုန်စည်များကို ပြသကြခြင်းဖြစ်သည်။

မြန်မာ(နေပြည်တော်) - တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို မေ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ အနေဖြင့် ကုန်စည်ပြပွဲကို လာရောက်ကြည့်ရှု၍ သင့်လျော်မည့် ကုမ္ပဏီများ၊ ကုန်ပစ္စည်းများရှိပါက လာရောက်ဆွေးနွေးနိုင်ကြောင်း၊ ညှိနှိုင်းတိုင်ပင်ကာ အတွေ့အကြုံများ ဖလှယ်နိုင်ကြောင်းသိရသည်။

**သတင်း - အေးအေးသန့်**
**ဓာတ်ပုံ - အေးအေးတီ**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ညာဘက်လက်မောင်း ပြတ်တောက်သွားသောလက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုအောင်မြင်

နေပြည်တော် မေ ၂၆

မကွေးတိုင်းဒေသကြီး အောင်လံမြို့တွင် နေထိုင်သည့် အသက်(၃)နှစ်အရွယ် မိန်းကလေးသည် မတ် ၂၀ ရက် နံနက် ၉ နာရီတွင် မိဘများနှင့် ဆိုင်ကယ်စီးလာရာ မျက်နှာချင်းဆိုင်မှ ထော်လာဂျီနှင့် တိုက်မိသောကြောင့် ညာဘက်လက်မောင်း ပြတ်တောက်သွားသည့်ဒဏ်ရာ(Amputated Right Arm)ဖြင့် ပြည်သူ့ဆေးရုံ အောင်လံမြို့မှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ယင်းနေ့ညနေ ၄ နာရီတွင် ရောက်ရှိလာခဲ့ရာ အဆိုပါကလေးငယ်၏ ပြတ်တောက်သွားသောလက်ကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုကို ညနေ ၅နာရီမှ စတင်ခဲ့ပြီး ည ၁၀ နာရီ မိနစ် ၂၀ တွင် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လူနာရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် အရေးပေါ် ကုသမှုဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ပြုစုကုသမှုများပြုလုပ်ပြီး လိုအပ်သော စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး(လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာတင်ထွန်းအောင်နှင့် အထူးကုဆရာဝန် (လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာဖြိုးမောင်မောင်တို့ ဦးဆောင်သည့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုအဖွဲ့၊ ပါမောက္ခ/ဌာနမှူး(မေ့ဆေး) ပါမောက္ခဒေါက်တာမူမူနိုင်၊ ပါမောက္ခ ဒေါက်တာမြစိုးတို့ ဦးဆောင်သည့် မေ့ဆေးအထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် သူနာပြုကြီး ဒေါ်အေးအေးခိုင်တို့ ပါဝင်သောသူနာပြုများအဖွဲ့တို့ပူးပေါင်း၍ ပြတ်တောက်သွားသော လက်အား ပြန်လည်ဆက်ခြင်း (Replantation) ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။



ပြတ်တောက်သွားသည့် ညာလက်ကို တွေ့မြင်ရစဉ်။(၂၀-၃-၂၀၂၄)



ခွဲစိတ်ကုသမှုဆောင်ရွက်ပြီး ၁၂ ရက်မြောက်နေ့တွင် တွေ့ရသည့်လက်အခြေအနေ။(၂-၄-၂၀၂၄)



မေ ၁၆ ရက်တွင် ပြတ်တောက်သွားသော အာရုံကြောများဆက်သည့် နောက်ဆက်တွဲ ခွဲစိတ်မှုပြီးနောက် တွေ့ရသည့်ကလေးငယ်။
(၂၅-၅-၂၀၂၄)

အဆိုပါလူနာသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ မှတ်တမ်းများအရ အသက်အငယ်ဆုံး လက်မောင်းပြန်ဆက်သည့်လူနာဖြစ်ပြီး လက်မှာ ခွဲစိတ်ပြီးချိန်မှစတင်၍ သွေးကြောများ ဖြည်းဖြည်းချင်း ပြန်လည်လှည့်ပတ်စီးဆင်းလာပြီဖြစ်သဖြင့် ပြန်လည်သန်စွမ်းရေး အဆောင်သို့ပြသကာ လေ့ကျင့်ခန်းများဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၄ ရက်တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့သည်။ မေ ၁၀ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပြန်လည်တက်ရောက်စေ၍ မေ ၁၆ ရက်တွင် နောက်ဆက်တွဲကုသမှုဖြစ်သည့် ပြတ်တောက်သွားသော အာရုံကြောများဆက်ခြင်း(Sural Nerve Graft) ခွဲစိတ်ကုသမှုကို ဆောင်ရွက်နိုင်ခဲ့ကာ လေ့ကျင့်ခန်းဆက်လက်ပြုလုပ်လျက်ရှိပြီး ကလေးငယ်၏လက်အခြေအနေ ကောင်းမွန်လျက်ရှိသည်။

ထိုလက်ပြတ်တောက်သွားသည့် လူနာကဲ့သို့ ပြတ်တောက်သွားသောလက်ကို ခွဲစိတ်ကုသမှုဆောင်ရွက်ရန်အတွက် ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းပေးပို့မည်ဆိုပါက ပြတ်တောက်သွားသောလက်အား ရေသန့်သန့် သို့မဟုတ် အကြောဆေးရည် (Normal Saline or Ringer Lactate) ဖြင့် ဆေးပြီးနောက် အကြောဆေးရည်ဖြင့် စိုစွတ်အောင် စိမ်ထားသော ခွဲစိတ်ခန်းသုံး အဝတ်စ(Gauze)ဖြင့် ပတ်၍ သန့်ရှင်းသောပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍ လည်းကောင်း၊ အကြောဆေးရည်ထည့်ထားသော သန့်ရှင်းသော ပလတ်စတစ် အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍ လည်းကောင်း လုံခြုံစွာ ပိတ်ပြီး ရေခဲထည့်ထားသော ရေခဲပုံးအတွင်းထည့်၍ အမြန်ဆုံးလွှဲပြောင်းပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းစစ်ဌာနချုပ်များရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှု



နေပြည်တော် မေ ၂၆

တနင်္သာရီတိုင်းဒေသကြီးမြိတ်မြို့ရှိတပ်မတော်ဆေးရုံတွင် ကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျောင်းအပ်နှံမှုများကို လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၆

ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို တပ်မတော်ရေယာဉ်များ၊ လေယာဉ်/ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ကုန်သင်္ဘောများဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများသည် စစ်တွေဆိပ်ကမ်းသို့ တပ်မတော်(ရေ)မှ ကမ်းထိုးရေယာဉ် MV. AQUARIUS နှင့် FORTUNE ကုန်သင်္ဘောများဖြင့် သယ်ယူရောက်ရှိလာသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် သွပ်ပြား၊ သံချောင်း ၊ သစ်ခွဲသားမျိုးစုံ၊ စက်ယန္တရား မော်တော်ယာဉ်များ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ၊ တာပေါ်လင်စများ၊ သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာပစ္စည်းမျိုးစုံတို့အား ဆိပ်ကမ်းမှ သတ်မှတ်နေရာများသို့ စနစ်တကျဖြင့် ပို့ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပစ္စည်းများရောက်ရှိမှုနှင့် သက်ဆိုင်ရာနေရာများသို့ စနစ်တကျဖြန့်ခွဲပို့ဆောင်ပေးနေမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။



ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ သမားတော်များ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သည့် အထူးဆေးကုသရေးအဖွဲ့က စစ်တွေမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများတွင် မုန်တိုင်းသင့် ဒေသခံပြည်သူများအား အဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အရိုး/အကြောရောဂါများ၊ ကလေးရောဂါနှင့် အခြားအထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်ကွက်/ ကျေးရွာများအတွင်းရှိ လူနေအိမ်ခြံဝင်းအတွင်း/ အပြင်နေရာများ၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းဝင်းနေရာများတွင် ခြင်များခိုအောင်းမှု မရှိစေရေးနှင့် ခြင်မှတစ်ဆင့်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးတို့အတွက် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူးတို့က သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆတ်ရိုးကျရပ်ကွက်အုပ်စုအတွင်းရှိ ဗျိုင်းဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် စစ်တွေတပ်နယ်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးနေသည့် စာသင်ဆောင်များအား ပြန်လည်ပြုပြင်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် (၂၀၂၃-၂၀၂၄) ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းအပ်နှံရန် လာရောက်ကြသည့် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား/ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ မေ ၂၅ ရက်တွင် မြောက်ဦးခရိုင် မင်းပြားမြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ပေးပို့သော ဆန်နှင့် စားသောက်ဖွယ်ရာများ သယ်ဆောင်ရောက်ရှိလာသည့် ပြည်တွင်းရေကြောင်းပိုင် ကုလားတန်ခြောက်ရေယာဉ်မှ ပစ္စည်းများကို နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သယ်ယူပို့ဆောင်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မြေပုံမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရခိုင်ပြည်နယ်သို့ သွားရောက်ကူညီဆောင်ရွက်ကြမည့် မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ဝင်များကို တွေ့ဆုံ



နေပြည်တော် မေ ၂၆

ဆိုင်ကလုန်းမုန်တိုင်း မိုခါဖြတ်သန်း တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများသို့ သွားရောက်ကူညီဆောင်ရွက်ကြမည့် မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ(Rapid Response Team)RRT အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက မော်လမြိုင်မြို့ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ သွားရောက်ကူညီ ဆောင်ရွက်ကြမည့် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ (Rapid Response Team) RRT အဖွဲ့များအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက (Rapid Response Team)RRT အဖွဲ့များ သွားရောက်ကူညီဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က (Rapid Response Team)RRT အဖွဲ့များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်တွင် မိုးစပါးအချိန်မီစိုက်ပျိုးထုတ်လုပ်ရေးအတွက် ထွန်စက်များနှင့် ထွန်ထယ်ကိရိယာများပို့ဆောင်

နေပြည်တော် မေ ၂၆

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်သည့် မိုးစပါးများအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြေပြုပြင်ခြင်းလုပ်ငန်းတွင် ပံ့ပိုးကူညီနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက မြင်းကောင်ရေ ၅၀ ရှိ နယူးဟော်လန် ထွန်စက် ၃၃ စီး၊ ခြောက်သွားထယ် ၃၃ လက်၊ ဓားစက်ထွန် ၃၃ လက်တို့ကို ရေယာဉ်ဖြင့် ရခိုင်ပြည်နယ်သို့ ပေးပို့လျက်ရှိကြောင်း သိရသည်။



အဆိုပါ ထွန်စက်များနှင့် ထွန်ထယ်ကိရိယာများအား ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ သက်ဆိုင်ရာရေယာဉ်ပေါ်သို့ တင်ဆောင်ပြီးဖြစ်ကြောင်း၊ အလားတူ မြောက်ဦးမြို့နယ် ကုလားပုန်းကျွန်းပတ်တာ၊ မြေပုံမြို့နယ် ငမန်းရဲကျွန်းတာ အပိုင်း(၁)နှင့် (၂)၊ မောင်တောမြို့နယ် ခြံပြင်တာများ ကျိုးပေါက်ခဲ့မှုကိုပြုပြင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြေတူးစက် ၁၂ စီးဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ တာပြင်ခြင်းလုပ်ငန်းအတွက် မြေကြီးကျင်းပေါင်း ၃၂၀၀၀ ကျော် လျာထားချက်အပေါ် မေ ၂၆ ရက်အထိ မြေကြီးကျင်းပေါင်း ၆၂၀၀ ကျော် ပြီးစီးပြီဖြစ်၍ လုပ်ငန်း ၁၈ ဒသမ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တာများပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား မိုးမကျမီ ဇွန်လပထမပတ်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ စက်ယန္တရားလိုအပ်မှုရှိလာပါက ထပ်မံပြောင်းရွှေ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများတွင် အနီးကပ်ပံ့ပိုးကူညီရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် စစ်တွေမြို့တွင် အခြေပြုဆောင်ရွက်လျက်ရှိပြီး မိုးစပါးအပါအဝင် စိုက်ပျိုးထုတ်လုပ်မှုများအတွက် မျိုးစေ့နှင့် လိုအပ်ချက်များ၊ မွေးမြူရေးတိရစ္ဆာန်ရောဂါကုသရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးဒဏ်သင့်ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့် အကူအညီပစ္စည်းများ တတိယအသုတ်အဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ

နေပြည်တော် မေ ၂၆

မိုခါမုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့် စုစုပေါင်း အမေရိကန်ဒေါ်လာ ခန့်မှန်း ၅၃၀၀၀ ကျော်တန်ဖိုးရှိ အရေးပေါ်အကူအညီပစ္စည်းများ တန်ချိန် စုစုပေါင်း ၁၆ တန်ခွဲခန့်ကို သယ်ဆောင်လာသည့် မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

ယနေ့ တတိယအသုတ်အဖြစ် ရောက်ရှိလာသည့် အကူအညီပစ္စည်းများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ လူသားချင်းစာနာမှု အကူအညီများအတွက် အာဆီယံ ညှိနှိုင်းရေးဌာန(AHA Centre)တာဝန်ရှိသူ တစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြပြီး မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပို့ဆောင်နိုင်ရေး လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ တတိယအသုတ်အဖြစ် ယနေ့ရောက်ရှိလာသည့်ထောက်ပံ့ကူညီရေးပစ္စည်းများမှာ AHA တံဆိပ်ပါ မိသားစုငါးဦး အသုံးပြုနိုင်သည့် မီးဖိုချောင်သုံးပစ္စည်း ၅၂ ထုပ်၊ Shelter Tool kit အထုပ် ၂၁၀၊ တာပေါ်လင်စ အထုပ် ၂၈၀ စုစုပေါင်း ၅၄၂ ထုပ် ကုန်တန်ချိန် ၁၆ တန်ခွဲခန့်ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ပေးအပ်လှူဒါန်း ထောက်ပံ့ခြင်းဖြစ်ပြီး နိုင်ငံတော် အစိုးရအနေဖြင့် ကယ်ဆယ်ရေးနှင့် အကူအညီများ ပံ့ပိုးရာတွင် လေဘေးသင့်ပြည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးဌာန အသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး AHA Centre သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အပြည့်အဝ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မေ ၂၄ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် လီရှော(လီဆူ)လူမျိုးများကို အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိနိုင်ရေးအတွက် မြို့နယ်ဦးစီးမှူးရုံးသို့ ဖိတ်ခေါ်ဆောင်ရွက်ပေးစဉ်။ မင်းလွင်ဦး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက မေ ၂၃ ရက်တွင် မြောက်လွတ်ကုန်း ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်စဉ်။ ကိုမင်း(ပြန်/ဆက်)


# ရခိုင်ပြည်နယ်အတွင်းရှိကျောင်းများ အချိန်မီဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

နေပြည်တော် မေ ၂၆

တစ်နိုင်ငံလုံးကျောင်း အတိုင်းအတာအနေနဲ့ ဇွန်လတစ်ရက်နေ့ကစပြီး ကျောင်းဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာတော့ ကျွန်တော်တို့က ဇွန် ၁ ရက်မှာ ဖွင့်လှစ်နိုင်တဲ့ ကျောင်းနဲ့ ဇွန်လတတိယပတ်မှာ ဖွင့်လှစ်နိုင်တဲ့ ကျောင်းတွေဆိုပြီး အုပ်စုနှစ်စုခွဲထားပြီး ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ မြို့နယ် ၁၇ မြို့နယ်ရှိတယ်။ အထက်တန်းအဆင့် သင်တဲ့ကျောင်း ၄၈၇ ကျောင်း၊ အလယ်တန်းအဆင့်၊ အလက၊ အလက(ခွဲ)၊ မူလွန်၊ ကျောင်းပေါင်း စုစုပေါင်း ၁၁၇၁ ကျောင်းရှိပါတယ်။ မူလတန်း အဆင့် သင်တဲ့ကျောင်းက ၁၅၃၅ ကျောင်းရှိပါတယ်။ ကျောင်းပေါင်း ၃၁၉၃ ကျောင်းရှိပါတယ်။ မိုခါ မုန်တိုင်းဒဏ်ကြောင့် ကျောင်းများပျက်စီးခဲ့တာ ရှိတယ်။ ကျောင်းအဆောက်အအုံ ပျက်စီးခဲ့တာရှိတယ်။ အဲဒီထဲမှာမှ ဇွန် ၁ ရက်မှာ ကျောင်းပေါင်း ၂၄၁၀ ကို ကျွန်တော်တို့ အချိန်မီဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ကျောင်းများ အားလုံးရဲ့ ၇၅ ရာခိုင်နှုန်းကို ဇွန် ၁ ရက်မှာ အချိန်မီ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ကျန်တဲ့ကျောင်းတွေကို တော့ ဇွန်လတတိယပတ်မှာ ဖွင့်လှစ်မှာဖြစ်ပါတယ်။ ကျောင်းများအားလုံး ဇွန်လတတိယပတ်မှာ ၁၀၀ ရာခိုင်နှုန်း ဖွင့်လှစ်ပေးသွားမှာဖြစ်တယ်။ ဒီမုန်တိုင်း ဒဏ်ကြောင့် ကျောင်းများပျက်စီးမှုမှာ ပြန်ပြင်ရတဲ့ ပမာဏကကြီးမားပါတယ်။ သို့သော် ကျွန်တော် တို့က ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်း များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။ တပ်မတော် အနေနဲ့ရော နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ပါ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်လျက် ရှိပါတယ်။ ဥပမာ စစ်တွေဆိုရင် အထကကျောင်း ပေါင်း ၁၇ ကျောင်းရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ပြန်လည်ပြင်ဆင်နေရတာတွေရှိတယ်။ ပြန်လည် ပြင်ဆင်မှုရာခိုင်နှုန်းက ဒီနေ့အထိ ၆၀ ရာခိုင်နှုန်း လုပ်ပြီးပြီ။ သန့်ရှင်းရေးအားလုံး လုပ်ပြီးပြီဖြစ်ပါ တယ်။

ကျွန်တော်တို့အနေနဲ့ ပြောချင်တာကတော့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူများအနေနဲ့ ကျောင်းများကို ကျန်တဲ့ ပြည်နယ်နဲ့တိုင်းများလိုပဲ အချိန်မီတက်ရောက်ခွင့် ရမှာဖြစ်ပါတယ်။ အချိန်မီကျောင်းတက်နိုင် ရေးကို ပြင်ဆင်ရေးလုပ်ငန်းများ ဆက်တိုက် အင်တိုက်အားတိုက် ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေ တဲ့အပြင် ကျောင်းများအချိန်မီတက်ရောက်နိုင်ရေး၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များအချိန်မီရရှိနိုင်ရေး၊ ကျောင်းအပ်နှံမှုများ အဆင်ပြေချောမွေ့စေရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရား များ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေး ယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေး တိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ ချောစုဝင်း(ခ) ချောစုသည် ၎င်းအသုံးပြုသည့် “Chaw Su” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ ရပ်ကွက်နေ ဟိန်းထက်သည် ၎င်းအသုံးပြုသည့် “Hein Htet” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် လာဝုံကျေးရွာနေ ထွန်းနောင်လင်း(ခ)နောင်လင်း(ခ)ထွန်းကြီးသည် ၎င်းအသုံးပြုသည့် “Naung Lynn” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရား များ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒ ဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၅-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၀ | ၂၀၄၅ | ၂၀၃၀ | ၂၀၁၀ | ၂၁၀၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၅ | ၂၇၀၀ |
| 95 Ron | ၂၀၈၀ | ၂၁၃၀ | ၂၁၃၀ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၈၉၅ | ၁၉၄၀ | ၁၉၄၀ | ၁၉၀၀ | ၁၉၄၀ | ၁၉၆၅ | ၁၉၆၀ | ၁၉၂၅ | ၂၀၄၅ | ၂၀၄၀ | ၁၉၃၅ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၁၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၇၅ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၀ | ၂၂၉၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၇၅ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၀ | ၂၂၉၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၁ | ၁၉၄၂ |
| 95 Ron | ၁၉၇၄ | ၂၀၄၇ |
| HSD (500 ppm) | ၁၇၉၆ | ၁၈၆၁ |
| HSD (50 ppm) | ၁၈၆၉ | ၁၉၃၆ |
| HSD (10 ppm) | ၁၈၆၉ | ၁၉၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



# ရေကြောင်းလူငယ်အခြေခံ သင်တန်းသား သင်တန်းသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

နေပြည်တော် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီးသို့ လေ့လာရေးခရီးရောက်ရှိနေသော ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃) မှ သင်တန်းသား သင်တန်းသူများအား သင်တန်းကာလနှင့် လေ့လာ ရေးခရီးစဉ်များပြီးမြောက်၍ တပ်မတော်လေယာဉ်/ မော်တော်ယာဉ် တို့ဖြင့် သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပို့ဆောင်ပေးခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မိဘပြည်သူများက ကြိုဆိုကြသည်။

ဆက်လက်၍ သက်ဆိုင်ရာသင်တန်းစခန်းအသီးသီးရှိ တာဝန်ရှိ သူများက သင်တန်းသား သင်တန်းသူများကို မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်အပ်နှံခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှုံခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ မြောက်ဥက္ကလာ၊ နွယ်နီလမ်းသွယ်၊ လမ်းထိပ်၊ မြေအကျယ်(80'x60') (၁) ကွက် – ကျပ်သိန်း(6000)၊ (40'x60') (၂)ကွက်တွဲ ခွဲ၍ရောင်းမည်–ကျပ်သိန်း(3000)၊ (20'x60')(၄)ကွက်တွဲ ခွဲ၍ရောင်းမည်– ကျပ်သိန်း(1500)၊ အုတ်တံတိုင်းခတ်ပြီး၊ အဆောက်အဦး(၁)လုံးပါ၊ ဂရန်အမည်ပေါက်၊ ရေမီးပါ။

၂။ ဆယ်အိမ်တန်းကမ်းခြေ၊ ဘန်ဂလို(၁၅)လုံး၊ စားသောက်ခန်းမ(၁)ခု၊ ဝန်ထမ်းလိုင်းခန်းပါ၊ ဧည့်ရိပ်သာ၊ အဆောက်အဦးဖိုးပဲရှိပါသည်။ ယခုအချိန် ဘယ်လိုမှ မဆောက်နိုင်တော့ပါ၊ ပစ္စည်းဈေးများ၊ လုပ်အားခဈေးများ၊ သယ်ယူစရိတ်များ တက်နေသောကြောင့်ဖြစ်ပါသည်၊ ဈေးသက်သာစွာနှင့် ရင်းနှီးမြှုပ်နှံထားပြီး ငွေမကိုင်ထားလိုသူများအတွက်။ ကျပ်သိန်း (8000)

**ဖုန်း– 09–5188001, 09–5178979, 09–43022828, 09–451146685**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါယာဉ်ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Light Duty Truck(14/10 ft) | ၂/၂ စီး |
| (ခ) | City Bus/Mini Bus/Hi–Ace | ၂/၁/၁ စီး |
| (ဂ) | Dump Truck Tipper(2/4 tons) | ၅၅/၂ စီး |
| (ဃ) | Vacuum Truck(400/800 gals) | ၂/၃ စီး |
| (င) | Compactor Garbage Truck | ၁၀ စီး |
| (စ) | Platform Truck/ ထော်လာဂျီ | ၁/၃ စီး |
| (ဆ) | Car Crane/Amphibious/Long Arm Backhole | ၁/၁/၁ စီး |
| (ဇ) | Fork Lift/Dozer/Mini Excavator (3.5/13 Tons) | ၂/၁/၂/၁ စီး |
| (ဈ) | PAC/NaOCL Solution | ၆၃၂၃/၁၇၇၆ $m^3$ |
| (ည) | Gear Motor/Air Blower | ၈/၂၂ လုံး |
| (ဋ) | Bio–Film Media/Pump with Cutter Blade | ၈/၂ $m^3$/လုံး |
| (ဌ) | Marquee Tent/အနံ့အသက်ပျောက်ဆေး | 1/၁၂၀၀ Lot/ထုပ် |
| (ဍ) | လုပ်သား/လုပ်ငန်းသုံးစိမ်းလန်းဝတ်စုံအင်္ကျီ၊ ဘောင်းဘီ | ၃၀၀၀/၃၂၃၄ စုံ |
| (ဎ) | လုပ်ငန်းသုံးမိုးကာအင်္ကျီအရှည် | ၁၆၁၇ ထည် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉–၅–၂၀၂၃ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ဖော်ပြပါပစ္စည်းများအနက် အမှတ်စဉ်(ဈ မှ ဎ အထိ)ပါပစ္စည်းများကို ၈–၆–၂၀၂၃ ရက်နေ့ (၁၂:၀၀)နာရီနှင့် အမှတ်စဉ် (က မှ ဇ အထိ) ယာဉ်ယန္တရားများကို ၁၅–၆–၂၀၂၃ ရက်နေ့ (၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၀၁–၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## သွေးသည် အသက်

**ရွှေဝတီ**
**အိမ်ခြံမြေအကျိုးဆောင်**
**ဒဂုံမြို့သစ်(တောင်ပိုင်း၊ဆိပ်ကမ်း၊ မြောက်ပိုင်း၊၊အရှေ့ပိုင်း)**
**မြေကွက်များဝယ်လိုသည်။**
**၀၉–၄၃၁၇၉၇၄၇**

## Home Tuition

Grade–10/11/12
သင်ရိုးသစ် သင်ကြားနည်းအတိုင်း
**Ph:09–261117748**
**09–796443808**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အ.ထ.က(၄)၊ Grade–7 မှ မောင်ရဲနိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းကျော် [၁/မကန(နိုင်)၁၀၁၉၃၆]ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၇)၊ မြေကွက်အမှတ်(၄၂၇)၊ အကျယ်အဝန်း(အလျား ၄၀ပေxအနံ၆၀ပေ)ရှိ ပါမစ်မြေ အမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပါမစ်အမည်ပေါက်သူ ဦးချစ်မြိုင် (BQ–၀၂၇၂၄၅)ထံမှ အရောင်းအဝယ်အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့်(၂–၁၁–၂၀၂၂)ရက်နေ့ကတည်းကပင် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိကာ ရောင်းချခွင့်ရှိသူ ဦးသူရနိုင် [၁၂/လသယ(နိုင်)၀၄၁၉၃၆] မှ အရှုပ်အရှင်းကင်းသောမြေကွက်ဖြစ်၍ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်ကိုကိုဇင် [၇/ပခန(နိုင်)၃၉၈၈၂၄] သို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းကြေးတန်ဖိုးငွေ တစ်လုံးတစ်ခဲတည်း အပြည့်အဝ ပေးချေ၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်ကိုကိုဇင် ကသာလျှင် စီမံခန့်ခွဲခွင့် အပြည့်အဝရှိသူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇ /အေးဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊ မြေကွက်အမှတ်(၁၈၄)၊ လူနေအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၅)ရပ်ကွက်၊ အမှတ်(၁၈၄)ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း (၀. ၀၅၅)ဧကေ၊ အလျားxအနံ( ၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်၏ ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိန်ကျော်[၉/ပဥလ(နိုင်)၀၀၄၅၀၅]ထံမှ ဆက်စပ်စာချုပ်များဖြင့် အဆင့်ဆင့်တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး မိမိသာလျှင် တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်မိုးမိုးရည်[၁၂/ဒဂရ(နိုင်)၀၁၉၀၀၂]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်နိုင်ဦး[၅/ကလန(နိုင်)၀၃၆၄၈၇]မှ မြေကွက်ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုသူ၊ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းဝင်းဝင်းသန့်(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၃၀၀)**
**ရုံး– အမှတ်(၈၇၁/က)၊ ပထမထပ်(A)၊ ရတနာပုံ(၄)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၂၃၄၂၃**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)
## နည်းပြ(တိုင်းရင်းသားဂီတ)(ကချင်၊ ကယား၊ ချင်း၊ ရှမ်း)နှင့် နည်းပြ(တိုင်းရင်းသားအက) (ကချင်၊ ကယား၊ ချင်း၊ ရှမ်း)
## ရာထူးနေရာများ ခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) တွင် တာဝန်ထမ်းဆောင်ရန် နည်းပြ(တိုင်းရင်းသားဂီတ) (ကချင်၊ ကယား၊ ချင်း၊ ရှမ်း) နှင့် နည်းပြ(တိုင်းရင်းသားအက) (ကချင်၊ ကယား၊ ချင်း၊ ရှမ်း) ရာထူးနေရာများအတွက် သတ်မှတ် အရည်အချင်းနှင့်ပြည့်မီသူများကို အောက်ဖော်ပြပါအရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည် ဖြစ်ပါသည်–

| စဉ် | ရာထူး | လစာနှုန်း | ရာထူး နေရာ |
|---|---|---|---|
| (က) | နည်းပြ (တိုင်းရင်းသား ဂီတ–ကချင်) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၂) နေရာ |
| (ခ) | နည်းပြ (တိုင်းရင်းသား ဂီတ–ကယား) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၂) နေရာ |
| (ဂ) | နည်းပြ (တိုင်းရင်းသား ဂီတ–ချင်း) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၂) နေရာ |
| (ဃ) | နည်းပြ (တိုင်းရင်းသား ဂီတ–ရှမ်း) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၂) နေရာ |
| (င) | နည်းပြ (တိုင်းရင်းသား အက–ကချင်) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၂) နေရာ |
| (စ) | နည်းပြ (တိုင်းရင်းသား အက–ကယား) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၂) နေရာ |
| (ဆ) | နည်းပြ (တိုင်းရင်းသား အက–ချင်း) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၂) နေရာ |
| (ဇ) | နည်းပြ (တိုင်းရင်းသား အက–ရှမ်း) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၂) နေရာ |

၂။ နည်းပြ(တိုင်းရင်းသား) ရာထူးနေရာများအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

(က) မဟာဝိဇ္ဇာတန်း(ဂီတ)(သဘင်)/မဟာတန်းတက်ရောက်ရန်အရည်အချင်းပြည့်မီသူ (သို့) မဟာဝိဇ္ဇာဘွဲ့(ဂီတ)(သဘင်)/မဟာဘွဲ့ တစ်ခုခုရရှိသူ၊
(ခ) အသက် ၃၅ နှစ်ထက် မကျော်ရ (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ)၊ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်)၊
(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်၊
(ဃ) တိုင်းရင်းသား၊ တိုင်းရင်းသူဖြစ်ရမည်၊ သက်ဆိုင်ရာတိုင်းရင်းသားမျိုးနွယ်စုများ၏ တိုင်းရင်းသားရိုးရာ ဂီတ၊ အက ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြား ပေးနိုင်သူဖြစ်ရမည်၊
(င) တိုင်းရင်းသားရိုးရာဂီတ၊ အကဘာသာရပ်များ ကျွမ်းကျင်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်ယဉ်ကျေးမှုအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ခံသူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ စီမံရေးရာဌာနခွဲ ရုံးခန်းသို့ ၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှ ဇွန်လ ၂၇ ရက်နေ့အထိ ရုံးချိန်အတွင်း လာရောက် လျှောက်ထားရမည်–

(က) CV Form (၆လအတွင်းရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ ၂ ပုံ)၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်/ဝန်ထမ်းကတ်(မိတ္တူ)၊
(ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ)၊
(ဃ) ဘွဲ့လက်မှတ်၊ အမှတ်စာရင်း(မိတ္တူ)၊
(င) မိမိနေထိုင်ရာဒေသမှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)၊
(စ) ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)၊
(ဆ) တိုင်းရင်းသားဂီတ၊ တိုင်းရင်းသားအကများနှင့် စပ်လျဉ်းပြီး ဆောင်ရွက်ခဲ့ဖူးသော ပညာရပ်ဆိုင်ရာဖော်ပြချက်နှင့် အထောက်အထားများ။

၄။ ရေးဖြေစစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၌ စစ်ဆေးသွားမည်ဖြစ်ပြီး ရေးဖြေ စာမေးပွဲ အောင်မြင်သူများအား လူတွေ့၊ လက်တွေ့စစ်ဆေးမည့် အစီအစဉ်ကို အချိန်မီထပ်မံ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (မန္တလေး) ဖုန်း ၀၈၅–၄၇၄၀၂၆၉၊ ၀၉–၂၅၀၇၀၀၅၁၅ များသို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်–5C/8735၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၆၅၉/က)၊ မြေဧရိယာ (၁၀ပေ x ၆၀ပေ) အကျယ်အဝန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေ စီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်စိန် [၁၂/လမန(နိုင်) ၀၄၆၂၄၂] အမည်ပေါက် ပါမစ်မြေကွက်အား နှစ်ဦးသဘောတူကတိစာချုပ် အဆက်ဆက်ဖြင့် ယခုလက်ဝယ်ပိုင်ဆိုင်သူဟု ဝန်ခံကတိပြုသူ ဦးစိန်ထွန်း [၁၁/ဘသတ(နိုင်)၀၀၀၂၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်လင်း [၁၄/မမက(နိုင်)၁၈၇၂၆၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၁၀၅)**
**ဖုန်း–၀၉–၉၆၉၃၈၃၇၆၆**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## နည်းပြ(တိုင်းရင်းသားဂီတ)( ကရင်၊ မွန်၊ ရခိုင် )နှင့် နည်းပြ(တိုင်းရင်းသားအက) ( ကရင်၊ မွန်၊ ရခိုင် )
## ရာထူးနေရာများခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် တာဝန်ထမ်းဆောင်ရန် နည်းပြ(တိုင်းရင်းသား ဂီတ)( ကရင်၊ မွန်၊ ရခိုင် )နှင့် နည်းပြ(တိုင်းရင်းသား အက)( ကရင်၊ မွန်၊ ရခိုင် ) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်း နှင့် ပြည့်မီသူများကို အောက်ဖော်ပြပါ အရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည် –

| စဉ် | ရာထူး | လစာနှုန်း | ရာထူးနေရာ |
|---|---|---|---|
| (က) | နည်းပြ (တိုင်းရင်းသား ဂီတ–ကရင်) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | ၂ နေရာ |
| (ခ) | နည်းပြ (တိုင်းရင်းသား ဂီတ–မွန်) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | ၂ နေရာ |
| (ဂ) | နည်းပြ (တိုင်းရင်းသား ဂီတ–ရခိုင်) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | ၂ နေရာ |
| (ဃ) | နည်းပြ (တိုင်းရင်းသား အက–ကရင်) (ကျား – ၁၊ မ – ၁) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | ၂ နေရာ |
| (င) | နည်းပြ (တိုင်းရင်းသား အက–မွန်) (ကျား – ၁၊ မ – ၁) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | ၂ နေရာ |
| (စ) | နည်းပြ (တိုင်းရင်းသား အက–ရခိုင်) (မ – ၁) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | ၁ နေရာ |

၂။ နည်းပြ(တိုင်းရင်းသား)ရာထူးနေရာများအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် –

(က) မဟာဝိဇ္ဇာတန်း(ဂီတ)(သဘင်) / မဟာတန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူ (သို့) မဟာဝိဇ္ဇာဘွဲ့ (ဂီတ)(သဘင်) / မဟာဘွဲ့ တစ်ခုခု ရရှိသူ၊
(ခ) အသက်(၃၅)နှစ်ထက်မကျော်ရ (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ အထိ)၊ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်)၊
(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(ဃ) တိုင်းရင်းသား၊ တိုင်းရင်းသူဖြစ်ရမည်၊ သက်ဆိုင်ရာ တိုင်းရင်းသား မျိုးနွယ်စုများ၏ တိုင်းရင်းသားရိုးရာဂီတ၊ အကဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးနိုင်သူဖြစ်ရမည်။
(င) တိုင်းရင်းသားရိုးရာဂီတ၊ အကဘာသာရပ်များ ကျွမ်းကျင်မှုနှင့် စပ်လျဉ်း၍သက်ဆိုင်ရာ ပြည်နယ်ယဉ်ကျေးမှုအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ခံသူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)၊ စီမံရေးရာဌာနခွဲ ရုံးခန်းသို့ ၂၀၂၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှ ဇွန်လ ၂၇ ရက်နေ့အထိ ရုံးချိန်အတွင်း လာရောက် လျှောက်ထားရမည် –

(က) CV Form (၆ လ အတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ ၂ ပုံ)၊
(ခ) နိုင်ငံသားစိစစ်ရေးကတ် / ဝန်ထမ်းကတ်(မိတ္တူ)၊
(ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ)၊
(ဃ) ဘွဲ့လက်မှတ်၊ အမှတ်စာရင်း(မိတ္တူ)၊
(င) မိမိနေထိုင်ရာဒေသမှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)၊
(စ) ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)၊
(ဆ) တိုင်းရင်းသားဂီတ၊ တိုင်းရင်းသားအကများနှင့် စပ်လျဉ်းပြီး ဆောင်ရွက်ခဲ့ဖူးသော ပညာရပ်ဆိုင်ရာ ဖော်ပြချက်နှင့်အထောက်အထားများ။

၄။ ရေးဖြေစစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၌ စစ်ဆေးသွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများအား လူတွေ့၊လက်တွေ့ စစ်ဆေးမည့်အစီအစဉ်ကို အချိန်မီထပ်မံ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ဖုန်း၊ ၀၉၅၀၅၆၄၂၅၊ ၀၉၂၅၆၁၀၉၁၅၅ များသို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၊ မြေကွက်အမှတ်–၄၃၉၊ ဧရိယာ(၀.၁၄၇)ဧကေ၊ မြေအမျိုးအစား–နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၄၃၉)၊ ဝေဇယန္တာလမ်း၊ ၃–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အိမ် အကျိုးခံစားခွင့် အရပ်ရပ်တို့၏** မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင်များဖြစ်သည့် **ဒေါ်ခင်မေဇော် [၁၂/ဥကတ(နိုင်)၀၄၈၇၉၄]နှင့် ဦးမောင်မောင်ဇော် [၁၂/ဥကတ(နိုင်)၀၄၇၃၁၄]** တို့က မိမိတို့တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးကျော်မင်းနိုင်** | **ဦးသန့်ဇော်** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၄၈၈၈၀)** | **(စဉ်–၇၃၄၁)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ပင်းယလမ်း၊ မြေကွက်အမှတ်(၈၁၅)၏ မြေအကျယ်အဝန်း (၄၀.၆x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၈၁၆)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်ရီရီဌေး [၁၂/ဒဂန(နိုင်)၀၀၄၁၅၄] အမည်ပေါက် နှစ်(၆၀) ဂရန်(မိတ္တူ)ဘက်ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မိုမိုနိုင် [၁၂/ကမရ(နိုင်)၀၅၆၈၃၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)**
**(LL.B,D.I.L)**

**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B,D.B.L,D.I.L,WIPO(Switzeralnd))**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ စာ၀(၁၉)လမ်း၊ မြေကွက်အမှတ်(၇၅၃/က)၊ မြေအကျယ်အဝန်း- အလျားxအနံ (၂၀ပေx၆၀ပေ)ရှိ ဦးသန်းထွေး+ဒေါ်သောင်းကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းရှိ အကျယ်အဝန်း အလျားxအနံ (၁၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမည်ပေါက်ထံမှတစ်ဆင့် အရပ်ကတိအရောင်းအဝယ် အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်စိုးအေး [၁၂/ဥကတ(နိုင်)၀၃၃၁၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးဝင်း [၁၂/ဥကတ(နိုင်)၀၃၄၆၇၃]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ် ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ် ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာ၀(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၅၁၃၁၂၀၃ ၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ ဓမ္မရာဇာလမ်း၊ မြေကွက်အမှတ် (၆၆၈)၊ အကျယ်အဝန်း- အလျားxအနံ (၄၅x၆၀)ပေရှိ ဦးမြင့်ဝင်း (AB-၀၁၅၇၆၄) (ကွယ်လွန်) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်း)ခြမ်း၊ အကျယ်အဝန်း- အလျားxအနံ (၂၂ပေx၆၀ပေ)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဇနီးဖြစ်သူ ဒေါ်ခင်ညွန့် [၁၂/သကတ(နိုင်)၀၇၆၆၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟအောင် [၉/အမဇ(နိုင်)၀၃၁၃၈၂]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ် ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာ၀(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ၀၉-၅၁၃၁၂၀၃ ၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၂၆)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆-လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅x၅၀)ပေရှိ တိုက်ခန်း တစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်ဝင်းနန္ဒာ [၁၂/တကန(နိုင်)၀၉၉၆၅၄]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်အိဖြိုးဇင် | ဦးသိန်းညွန့် |
|---|---|---|
| BSc,DA,HGP,R.L,DBL,DML,DIL | LL.B,D.B.L(စဉ်-၁၅၉၇၅) | B.A, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |
| ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀ | ၀၉-၇၉၀၁၂၄၈၀ | ၀၉- ၅၀၅၃၁၀၇ |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၅၄)ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃-လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၂၂ x ၄၅)ပေရှိ တိုက်ခန်း တစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့်ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်များဖြစ် ကြသော (၁) ဒေါ်စန္ဒာရည် [၁၂/စခန(နိုင်)၀၄၃၇၂၅]နှင့် (၂) ဒေါ်သင်းသင်းရည် [၁၂/စခန(နိုင်)၀၄၃၄၁၉]တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်စိုးစိုးမြင့် | ဦးသိန်းညွန့် |
|---|---|---|
| BSc,DA,HGP,R.L,DBL,DML,DIL | LL.B(စဉ်-၁၀၀၆၃) | B.A,HGP,R.L,DBL,DML,DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |
| ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ | ၀၉-၄၂၀၃၅၉၆၃ | ၀၉- ၅၀၅၃၁၀၇ |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၁၅)ပေါ်တွင် ဆောက်လုပ် ထားသော (၈ ½ )ထပ်တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း (၂၆x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်သော (၁) ဦးသိန်းလှိုင် [၇/ဖမန(နိုင်)၀၉၀၇၃၄]နှင့် (၂) ဒေါ်အိအိခိုင် [၁၄/လပတ(နိုင်)၀၁၉၄၁၉]တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်အိဖြိုးဇင် | ဦးသိန်းညွန့် |
|---|---|---|
| BSc,DA,HGP,R.L,DBL,DML,DIL | LL.B,D.B.L | BA,HGP,R.L,DBL,DML,DIL |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၃၁၇၃) | (စဉ်-၁၅၉၇၅) | (စဉ်-၃၅၆၁) |
| ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ | ၀၉-၇၉၀၁၂၄၈၀ | ၀၉-၅၀၅၃၁၀၇ |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ စဝ်စံထွန်းလမ်း၊ မဟေသီလမ်းသွယ်၊ (၁)ရပ်ကွက်၊ အမှတ်(၈၁၈)နေ ဒေါ်သဇ္ဇာသော် [၁၂/အစန(နိုင်)၁၉၇၀၂၆]နှင့် ဦးအောင်ဇေယျ [၁၂/အစန(နိုင်)၀၂၀၄၆၅]တို့သည် အကြင်လင်မယားဖြစ်ပြီး၊ သမီး(၁)ဦးထွန်းကားခဲ့ပါသည်။ ဦးအောင်ဇေယျသည် ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ စဝ်စံထွန်းလမ်း၊ မဟေသီလမ်းသွယ်၊ (၁)ရပ်ကွက်၊ အမှတ်(၈၁၈)နှင့် ပတ်သက်သည့် စာချုပ်စာတမ်းအားလုံးကို ဒေါ်သဇ္ဇာသော် သိရှိခြင်းမရှိဘဲ ယူဆောင်သွားခဲ့ပါသည်။ အထက်ပါ အိမ်ဝိုင်းစာချုပ်အား ဒေါ်သဇ္ဇာသော်၏ သဘောဆန္ဒမပါဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း မပြုလုပ်ပါရန် ကြေညာအပ်ပါသည်။ အကယ်၍ ကျွန်မ၏သဘောဆန္ဒမပါဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း ပြုလုပ်ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သဇ္ဇာသော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သရဖီမြင့်ဆွေ**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၁၈၇၆)**
**ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း- ၀၉-၄၃၀၁၆၅၉၇၊ ၀၉-၉၅၃၀၁၆၅၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ကနကမာလမ်း၊ အမှတ်(၆) ဟုခေါ်တွင်သော (၄-လွှာ/အပေါ်ဆုံးထပ်)၊ အကျယ်အဝန်း (၂၀'x၄၀')ရှိ တိုက်ခန်း နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ညိုသွယ် [၁၂/ဗဟန(နိုင်)၀၀၀၄၆၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်း အထောက်အထား(မူရင်း)များ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆန်းဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၁)**
**ရုံးခန်းအမှတ်(၅)၊ ပထမထပ်၊ Strand Condo၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၄၀၆၈၀၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ပင်းယလမ်း၊ အမှတ်(၃၁၅/ခ)၊ အကျယ် (၂၀x၆၀)ပေရှိ ပါမစ် အမည်ပေါက် ဒေါ်ခင်သောင်း မြေကွက်နှင့် အိမ်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်စပ်များဖြင့် ဝယ်ယူထားသူ ဦးအေး မင်းထိုက် [၈/မကန(နိုင်)၁၇၅၂၈၃]ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်း(မူရင်း)များနှင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သူ [၁၂/မဂဒ(နိုင်) ၀၂၈၂၀၄]**
**Ph: 09-250228139, 09-793358793**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၈၂၇) ဟုခေါ်တွင်သော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ပင်းယလမ်း၊ အိမ်အမှတ်(၈၂၇)ရှိ မြေဧရိယာ ပေ(၄၀x၆၀)ကျယ်ဝန်း သည့် ဒေါ်ထားထားကြည် [၁၂/တမန(နိုင်)၀၃၇၀၇၇] အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်းနှင့် ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထား သော တစ်ထပ်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက် ကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ထားထားကြည် [၁၂/တမန(နိုင်)၀၃၇၀၇၇]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ယမုံဇော် [L.L.B(Q),HGP]**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဖုန်း- ၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် (၅၉၆/က)၊ (၈)ရပ်ကွက်၊ ငုဝါလမ်း၊ အိမ်အမှတ်(၅၉၆/က)ဟုခေါ် တွင်သော မြေဧရိယာ ပေ(၂၀x၆၀) ကျယ်ဝန်းသည့် ဦးဌေးလွင်(CZN-111958) အမည်ပေါက် ပါမစ်မူရင်းနှင့် ပါမစ်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ လျက် ယခုပိုင်ဆိုင်ထားသူ ဦးသိန်းထွန်း (ဘ) ဦးအေးတန်[၁၂/ဒပန(နိုင်)၀၂၀၇၁၆] မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP]**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဖုန်း- ၀၉-၈၈၅၀၃၂၃၁၅**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး/တောင်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၄၂၃/ခ)၊ မြေအကျယ် အဝန်း (၂၀'x၆၀')၊ (၁၂၀၀)စတုရန်းပေရှိ ယင်းမြေကွက်ကို ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသည့် ဒေါ်ခင်အေးမြင့် [၁၂/သဃက(နိုင်)၅၉၀၀၅၃] နှင့် ကန်ထရိုက်တာ ဦးတင်အေး [၁၂/မဂတ(နိုင်)၀၆၇၆၉၈]တို့ အခန်းပေး/ အခန်းယူ RC (၆)ထပ်တိုက် (Hall) ဆောက်လုပ်ရန် (၂၈-၆-၂၀၂၀)ရက်စွဲပါ စာချုပ်အရ သဘောတူ ဆောက်လုပ်ခဲ့ကြပြီး ကန်ထရိုက်တာ ဦးတင်အေးမှ အချိုးကျ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် အခန်းများထဲမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူမှ (၃)လွှာ၊ တတိယထပ်နှင့် (၅)လွှာ၊ ပဉ္စမထပ်အခန်းတို့ကို ကြိုပွိုင့် စနစ်ဖြင့် အရစ်ကျ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေ ထားပြီးဖြစ်၍ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ လိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးထက်နောင်လှိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၄၈၁)**
**အမှတ်(၈၆၈)၊ (၃)လွှာ၊ ခေါင်းရင်းခြမ်း၊ (၂)လမ်း၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၃၉၈၉၄၇၄**

## "ကန့်ကွက်နိုင်ပါသည်"

**"ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ် ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၉၅၊ မြေကွက်အမှတ်- ၁၁၄/ဃ၊ မြေအကျယ်အဝန်း (၁၂၀'x၁၄၀')ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်"**အား ကျွန်ုပ်၏အမှုသည်က ယင်းမြေကွက် အား တရားဝင် လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးထွန်းထွန်းလတ် [၈/ပခက(နိုင်)၀၀၂၂၁၁]ထံမှ တရားဝင်လွှဲပြောင်းဝယ်ယူရန်အတွက် အထက် ဖော်ပြပါ မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဝတ်ရည်သင်း**
**(အထက်တန်းရှေ့နေ) (စဉ်-၅၀၄၃၈)**
**ရုံး-တိုက်အမှတ် (၅၆၃)။ အခန်း-၉၀၄ (A)၊ MAC Towen ကုန်သည်လမ်းနှင့် ဘားလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၈၅၀၂၃၇၊ ၀၉-၉၇၅၅၇၅၂၈၅**

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နေ ဦးဟိန်းထက် [၇/ပခန(နိုင်)၁၉၈၁၉၉] (ဘ) ဦးခင်မောင်ဦးနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့အား လွှဲအပ်ချက်ပေးသူဖြစ်သော စိန်လင်းလက်ကြယ် ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးစိန်ထွန်း (ခ) ဦးဂျိုးဇက် ဂျွန်ပီတာ (ဘ) ဦးမောင်ဝင်း [၁၄/ဒဒရ(နိုင်)၀၈၅၆၆၉]၊ ရန်ကုန်မြို့၊ မင်္ဂလာ တောင်ညွန့်မြို့နယ်၊ ကန်/အနောက်ရပ်ကွက်၊ (၈၈)လမ်း၊ အမှတ်(၅၂)တွင် နေထိုင်သူ၏ လွှဲအပ်ချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့အား လွှဲအပ်ချက်ပေးသူနှင့် ဦးဟိန်းထက်တို့သည် ခင်မင် ရင်းနှီးသော မိတ်ဆွေအရင်းအချာများဖြစ်ကြပါသည်။ ဦးဟိန်းထက်မှ ပဲခူးမြို့၊ ဒိုက်ဦးမြို့နှင့် ညောင်လေးပင်မြို့တို့တွင် မော်တော်ဆိုင်ကယ် (အရည်ကျိုအဆင့်) အစီး(၅၀၀၀)ကျော်ကို လေလံဆွဲအောင်မြင်ထား ကြောင်း၊ ဆိုင်ကယ်တစ်စီးလျှင် ကျပ် (၇၀၀၀၀/-)နှုန်းဖြင့် ရောင်းချမည် ဖြစ်ပြီး ဝယ်ယူလိုပါက လိုက်လံကြည့်ရှုရန်ပြောဆိုသဖြင့် (၁၄-၁၁-၂၀၂၂) ရက်နေ့တွင် ဦးဟိန်းထက်နှင့်အတူ ပဲခူးမြို့ရှိ ဆိုင်ကယ်များကို ဦးဟိန်းထက် မှ လိုက်လံပြသပြီး ၎င်းမှာလေလံအောင်ထားကြောင်း ပြောဆိုသဖြင့် ကျွန်တော်မှဝယ်ယူရန်အတွက် ဆိုင်ကယ်တန်ဖိုးငွေများကို ဦးဟိန်းထက် ၏ (ငွေစာရင်းအမှတ် - 0177600900008753)သို့ (၁၄-၁၁-၂၀၂၂)ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ CB Bank မှတစ်ဆင့် ငွေကျပ်သိန်း (၉၅၀)၊ (၂၅-၁၂-၂၀၂၂)ရက်နေ့တွင် Mobile Banking ဖြင့် ငွေကျပ်သိန်း(၂၅၀)နှင့် ငွေကျပ်သိန်း(၁၅၀)၊(၉ - ၁ - ၂၀၂၃)ရက်နေ့တွင် CB Bank (သိမ်ဖြူဘဏ်ခွဲ) မှတစ်ဆင့် ငွေကျပ်သိန်း (၄၀၀)၊ (၁၂-၁-၂၀၂၃)ရက်နေ့တွင် ငွေကျပ် သိန်း(၂၀၀)ကို ဦးဟိန်းထက်ကိုယ်တိုင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရှိ စိန်လင်းလက်ကြယ်ကုမ္ပဏီလီမိတက်သို့ လာရောက်ယူဆောင်သွားခဲ့ရာ စုစုပေါင်း ငွေကျပ်သိန်း (၁၉၅၀)ကို လေလံဆိုင်ကယ်များရရှိမည်ဟု ပြောဆိုပြီး စိန်လင်းလက်ကြယ်ကုမ္ပဏီလီမိတက်၏ ငွေကြေးများကို ရယူ သွားခဲ့ပါသည်။ အဆိုပါငွေများနှင့်ပတ်သက်၍ ကုမ္ပဏီ၏ကိုယ်စား မန်နေဂျင်း ဒါရိုက်တာ ဦးစိန်ထွန်း (ခ) ဦးဂျိုးဇက်ဂျွန်ပီတာမှ ဖုန်းဖြင့်လည်းကောင်း၊ ဦးဟိန်းထက်နေထိုင်ရာ ပဲခူးစက်မှုဇုန်သို့ သွားရောက်ပြီး အကြိမ်ကြိမ် ကြိုးစားဆက်သွယ်သော်လည်း အတွေ့မခံသည့်အပြင် ဆက်သွယ်သည့်ဖုန်း ကိုလည်း စက်ပိတ်ထားသဖြင့် ဆက်သွယ်၍ မရရှိခဲ့ပါ။ သို့ဖြစ်ပါ၍ စိန်လင်း လက်ကြယ်ကုမ္ပဏီလီမိတက်ပိုင် ငွေကြေးများကို ဆိုင်ကယ်လေလံရရှိ မည်ဟု ယုံကြည်အောင်ပြောဆိုကာ ရယူသွားသူ ဦးဟိန်းထက်မှ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကုမ္ပဏီတည်ရှိရာသို့ လည်းကောင်း၊ လွှဲအပ်ထားသူ၏ ရှေ့နေများထံသို့လည်းကောင်း လူကိုယ်တိုင် လာရောက်ဆက်သွယ် ဖြေရှင်းဆောင်ရွက်ပြီး ငွေများအားပြန်လည်ပေးအပ် ပေးပါရန်နှင့်သတ်မှတ်ရက်အတွင်း ပေးအပ်ခြင်းမရှိ ပျက်ကွက်ခဲ့ပါက တရားမ/ရာဇဝတ်ဆိုင်ရာဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း လွှဲအပ်ချက်အရ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးဝင်းထိုက် (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၀၄၈၉/၂၀၁၅**
**ဒေါ်စီစီအေး (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၅၀၉/၂၀၁၉**
**ဒေါ်ဆွေဇင် (အထက်တန်းရှေ့နေ) စဉ်-၃၇၇၀၀/၂၀၁၁**
**အမှတ်(၄၄)၊ သဒ္ဒါရုံလမ်း၊ ၂/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၄၄၄၃၅၁၂၂**

## ဦးလှမြင့်(ဝဲလောင်)
### ဥက္ကဋ္ဌ–တောင်သာမြို့နယ်အသင်း(ရန်ကုန်)
### ဒုအထွေထွေမန်နေဂျာ(ငြိမ်း)မြန်မာ့ကုန်တိုက်
### အသက်(၈၆)နှစ်

တောင်သာ၊ ဝဲလောင်နေ(ဦးမှူးအောင်–ဒေါ်ပျော့ကြီး)တို့၏သား၊ ဒေါ်ယဉ်(အလပြ–ငြိမ်း)၊ (ဒေါ်ဝင်း)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အနော်ရထာအိမ်ရာ၊ ကမာရွတ်၊ တိုက် A–3 ဒုတိယထပ်နေ ဒေါ်မြတ်မြတ်မင်း ဒုတိယဌာနမှူး(ငြိမ်း) ငွေစာရင်း(YCDC)တို့၏ ခင်ပွန်း ဦးလှမြင့်သည် ဝဲလောင်နေအိမ်တွင် ၁၉–၅–၂၀၂၃(သောကြာနေ့)ညနေ ၆:၁၅နာရီတွင် ကွယ်လွန်ပါသဖြင့် ဝဲလောင်သုသာန်၌ ၂၀–၅–၂၀၂၃ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တဝိလာသ
### သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၃) နှစ်
### မဟာဗောဓိကျောင်းတိုက်၊ မအူပင်မြို့

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ မဟာဗောဓိကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဝိလာသ သိက္ခာတော်(၅၃)ဝါရ၊ သက်တော်(၇၃)နှစ် မထေရ်မြတ်သည် (၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၄)ရက်၊ ၂၂–၅–၂၀၂၃ (တနင်္လာနေ့) နံနက် ၉:၃၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂)ရက် ၃၀–၅–၂၀၂၃ (အင်္ဂါနေ့)၊ မွန်းလွဲ၁နာရီတွင် မြို့ရှောင်လမ်း သဲကွင်း၌ အန္တိမစျာပနသာဓုကိဠာန ပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားအသိပေးနှိုးဆော်အပ်ပါသည်။

စျာပနကျင်းပရေးအဖွဲ့

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–ကြီးပွားရေးမြောက်၊ မြေကွက်အမှတ်–၁၆၉/က၊မြေကွက်တည်နေရာ–၁၆၉(က) ကျန်စစ်သားလမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးပြေကျော် [၁၂/စခန(နိုင်)၀၃၇၂၅၆] အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးပြေကျော် သည် ၂၅–၆–၂၀၂၁ ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဆွေဆွေတင့် [၁၂/စခန(နိုင်)၀၃၈၃၅၂] မှ တရားဝင်ဇနီးတော်စပ်ကြောင်း မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ ၎င်းတစ်ဦးတည်းကသာ အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၄၈/၁၆–၃–၂၀၂၃) ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်/ကတ်တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံမြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးစံဝင်းချို (Malcom Cho)
### လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)ကြိုးမဲ့ဆက်သွယ်ရေး
### အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးစံသာချို–ဒေါ်ထားတင်)တို့၏သားကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၇၈)နေ ဒေါ်မြင့်မြင့်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန္ဒာဝင်းချို–ဦးနန္ဒသိန်းအောင်(စင်ကာပူ)တို့၏ ချစ်လှစွာသောဖခင်၊ လဝန်းဖွေး၊ ထူးမြတ်လရောင်၊ ငွေလမင်းခေတ်တို့၏ အဘိုး၊ (ဦးအောင်ဝင်းချို–ဒေါ်ရီရီရွှေ)၊ ဦးထိန်ဝင်းချို–ဒေါ်ထက်ထက်မြင့်၊ ဒေါ်မြဝင်းချို–(ဦးအေးကျော်)တို့၏ အစ်ကိုကြီးသည် ၂၆–၅–၂၀၂၃ရက် နံနက် ၈:၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါ၍ ၂၈–၅–၂၀၂၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ကြောင်းဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးသက်နိုင်
### ညွှန်ကြားရေးမှူး(ငြိမ်း)
### ပြည်တွင်းအခွန်များဦးစီးဌာန
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ်–76၊ (ခေါင်းရင်းခန်း)၊ သရက်တော(၂)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ (ဦးအခေါင်–ဒေါ်မွေးရင်)တို့၏သား၊ (ဦးကျင်အေး–ဒေါ်ရွှေ)တို့၏ သားသမက်၊ (ဒေါ်ကြည်ကြည်)၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာမျိုးဝင်း–ဒေါ်အေးငြိမ်းကြည်၊ ဦးအောင်နေထွန်း–ဒေါ်ခင်ဝင်းသက်၊ ဦးနိုင်လင်း–ဒေါ်ဝေမာသော်တို့၏ ချစ်လှစွာသောဖခင်၊ မြေ ခုနစ်ယောက်တို့၏အဘိုး ဦးသက်နိုင်သည် ၂၅–၅–၂၀၂၃ရက် ည ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၃၁–၅–၂၀၂၃ (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၃၊ မြေကွက်အမှတ်– ၃၀၃/ခ + ၃၀၄/က၊ မြေကွက်တည်နေရာအမှတ် (၃၀၄)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်နု [၁၂/ဥကတ(နိုင်) ၀၆၆၁၁၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်နု (မိခင်) နှင့် ဦးရင်မောင် (ဖခင်) တို့ကွယ်လွန်သဖြင့် ဒေါ်မီမီအေး [၁၂/ဥကတ(နိုင်)၀၆၆၁၀၃]၊ ဦးထွန်းထွန်းသိန်း [၁၂/ဥကတ(နိုင်)၁၆၅၉၄၅]၊ ဦးမျိုးကျော်ဦး [၁၂/ဥကတ(နိုင်) ၀၆၆၁၁၀] တို့မှ သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်– ၈၅၅/၂၀၂၃ (၁၇–၃–၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ကတ်၊ အိမ်ထောင်စုစာရင်း၊ သေစာရင်း၊ ဂရန်မူရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂ အိုင်)၊ မြေကွက်အမှတ် (၄၄၉ဘီ၂/၄၃၈.စီ.၂)၊ ဧရိယာ (၀.၀၉၈) ဧကရှိ ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ် (၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ် (၁)လမ်း၊ အမှတ် (၂၀)ဟုခေါ်တွင်သည့် မြေကွက် အဆောက်အအုံ အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ မြေကွက်နှင့် အဆောက်အအုံ၏ တရားဝင် အမည်ပေါက် ပိုင်ရှင် ဦးဘထွန်း [၁၂/ပဇတ(နိုင်)၀၄၂၀၄၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ ( ၁၀ )ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော် (စဉ်–၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်–၅၈၂၇) B.Sc, Hon (IC), HGP, R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်–၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09–5017044**

## ဦးဝင်းလွင်
### (ခရိုင်ပညာရေးမှူး–ငြိမ်း)(ကျောက်ဆည်)
### အသက်(၈၆)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၆၇၀)၊ အောင်သီရိလမ်း၊ (၂၈)ရပ်ကွက်နေ ဦးထွန်းစိန်–ဒေါ်သန်းတင်တို့၏သား၊ [ဒေါ်ရင်မေ(ကျောက်ဆည်)]၏ခင်ပွန်း၊ ဒေါက်တာရွှေပြည်စိုး(ပါမောက္ခ–ငြိမ်း)–ဒေါက်တာထက်ထက် (ပါမောက္ခ အိုဆာကာတက္ကသိုလ်)၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်လမင်းရောင်၏အဘိုး ခရိုင်ပညာရေးမှူး ဦးဝင်းလွင်သည် ၂၆–၅–၂၀၂၃ ရက်၊ နံနက် ၉ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၈–၅–၂၀၂၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁–၆–၂၀၂၃ (ကြာသပတေးနေ့)တွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်(၆၇၀)၊ အောင်သီရိလမ်း၊ (၂၈)ရပ်ကွက်နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ထွေးထွေးမြင့် ကလစ်/ဖန်စီ ဆိုင်လုပ်ငန်းနှင့် စပ်လျဉ်းပြီး အများသိစေရန်

လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ယနေ့တိုင် ကောင်းသောဂုဏ်သတင်းဖြင့် ပစ္စည်းမှန်/ဈေးမှန်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော ကျွန်ုပ်တို့၏မိတ်ဆွေ ထွေးထွေးမြင့် ဆိုင်အမည်ကို အလွဲသုံးစားပြုလုပ်ပြီး ဖောက်သည်/ ကုန်သည်များထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး ထင်ယောင်ထင်မှားဖြစ်အောင် ပစ္စည်းများရောင်းချနေကြောင်း ကျွန်ုပ်တို့၏ မိတ်ဆွေ ပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ အဆိုပါကိစ္စရပ်အား ဆက်လက်ဆောင်ရွက်ခြင်းမပြုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာမှုမရှိပါက ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားရန် ကျွန်ုပ်တို့အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော် (စဉ်–၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်–၅၈၂၇) B.Sc, Hon (IC), HGP, R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်–၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09–5017044**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားအမှတ်(၁)ဈေး၊ ရုံအမှတ် (Dခ–၁၀) ဆိုင်ခန်းအား နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ ဦးစိန်လမ်း၊ အမှတ်(၈/၄၀)နေ ဒေါ်ခင်ဆွေ [၉/ပမန(နိုင်)၀၀၈၆၅၄] အမည်ပေါက် ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ နံ့သာနီလမ်း၊ အမှတ်(၂၃၃၄)နေ ဦးဖြိုးကျော်ဇင် [၁၂/တမန(နိုင်)၁၁၅၈၈၇]သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ ကမာကြည်အိမ်ရာ၊ (၄)ခန်းတွဲ (၄)ထပ်၊ တိုက်အမှတ်–၂၆၊ အခန်းအမှတ်(၂၀၄)၊ ဒုတိယထပ်၊ ၁၁၈၀ စ/ပေ ဟုအမည်တွင်သော ဦးစိုးလင်း [၁၂/စခန(နိုင်)၀၂၄၁၉၇]အမည်ပေါက်ဖြင့် ပိုင်ဆိုင်သော တိုက်ခန်းအား **ဦးစိုးလင်းကိုယ်တိုင်** ရောင်းချရန် အခွင့်အရေးရှိသည်နှင့်အညီ ရောင်းရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲဘုန်းနိုင်[၁၂/ရကန(နိုင်)၀၇၃၄၅၀]မှ အပိုင်ဝယ်ယူမည်ဖြစ်၍ ရောင်းသူနှင့်ဝယ်သူ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီးဖြစ်ပါသောကြောင့် ဥပဒေအရ ကန့်ကွက်လိုသူမည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခိုင်ဇော်ဌေး(အထက်တန်းရှေ့နေ)**
**(စဉ်–၅၅၄၄၇) LL.B, DCBL(SSBM)**
**အမှတ်(၅၄၉၊ က)၊ ထော်ပိုင်(၂)လမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၆၀၆၆၆၅၇၇၊ ၀၉–၅၁၈၈၆၆၂**

## ကြော်ငြာစာ
### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၈၃
### မှော်ဘီခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် –၁၀
### ကွယ်လွန်သူ ဒေါ်ရွှေးသန်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ဦးမန်းလုံ** ------------------------------------ လျှောက်ထားသူ။

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဇနီး ဒေါ်ရွှေးသန်း၏** ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ (၁၃၈၅–ခုနှစ် ၊ ပ–ဝါဆိုလဆန်း ၁ ရက်နေ့)**တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ရွှေးသန်း၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော **၂၀၂၃ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ (၁၃၈၅ – ခုနှစ်၊ ပ–ဝါဆိုလဆန်း ၁ ရက်နေ့**) နံနက် (၁၀) နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ– ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ မေလ (၂၄ )ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကောင်းမြတ်တိုး)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့
### ပြင်ဦးလွင်မြို့
### ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ (၁)ထပ်စားသောက်ဆိုင်ခန်းအမှတ် A – 2 အား လက်ရှိ အမည်ပေါက် ပိုင်ဆိုင်သူ ဦးစံရှိန် [၉/ပမန(နိုင်) ၀၄၀၈၇၄] ထံမှ ဒေါ်သုသုစိုး [၈/ပခက(နိုင်)၁၈၅၂၈၅]သည် (၂၅–၉–၂၀၁၅)ရက်နေ့တွင် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် စားသောက်ဆိုင်ခန်း ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲ လျှောက်ထားတင်ပြလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ စာဖြင့်ရေးသား၍ ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် –

| စဉ် | အမည် | တိုက်ခန်းအမှတ် |
| --- | --- | --- |
| (က) | ဒေါ်သုသုစိုး [၈/ပခက(နိုင်)၁၈၅၂၈၅] | A – 2 |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ် ကာလကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## “ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁)လမ်း၊ အမှတ်(၁၃)၊ မြေညီ(ခြေရင်းခန်း) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိ ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာလှိုင်[၁၂/လမန(နိုင်)၀၀၄၃၁၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ ဦးမျိုးမင်းသူ[၁၂/ဒဂမ(နိုင်)၀၃၁၆၈၇]နှင့် ဒေါ်နေခြည်ဦး [၇/တငန(နိုင်)၁၉၃၆၅၁]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
| --- | --- |
| **ဒေါ်စုစုခိုင်(LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၃၀၂၆၁၉၉၊ ၀၉–၄၄၃၀၂၆၁၉၉**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး တို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေး စိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေး ကဏ္ဍမြှင့်တင်ရေး။

❖ **ဒေသတွင်း စားရေးဖူလုံမှုရှိပါက အခြားဒေသမှ ဝယ်ယူစားသုံးရခြင်း မပြုရသည့်အတွက် ဒေသတွင်း ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်....**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## တရားမဝင်ကုန်သွယ်နေသူများအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် သင့်တင့်သည့် အရေးယူခြင်းမျိုးမဟုတ်ဘဲ ဥပဒေနှင့်အညီ ထပ်မံမကျူးလွန်ရဲအောင်၊ တရားမဝင်ကုန်သွယ်မှုများ ကြီးထွားမလာအောင် ဆင့်ကဲဆင့်ကဲ ပြင်းပြင်းထန်ထန် အရေးယူသွားရမည်

နေပြည်တော် မေ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၃)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝင်းရှိန်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ညာဘက်လက်မောင်း ပြတ်တောက်သွားသောလက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုအောင်မြင်

စာမျက်နှာ » ၁၇





## အနောက်တောင်မုတ်သုံလေ ဝင်ရောက်ပြီ

နေပြည်တော် မေ ၂၆

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မိုး/ဇလ